# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၃၉)၊ ၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ ၈-၁၁-၂၀၂၄၊ သောကြာနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




(၁၀)ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

## အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များမှတစ်ဆင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ မြှင့်တင်

# မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် အတူတကွပေါင်းစည်းအင်အားဖြင့် အက်မက်စ်ဒေသ ဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၇

(၁၀)ကြိမ်မြောက် ဧရာဝတီ- ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady- Chao Phraya-Mekong Economic Cooperation Strategy-ACMECS)ကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။

အဆိုပါ အစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra နှင့် အဖွဲ့ဝင်များ၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ✪

## ယနေ့ ဖတ်စရာအညွှန်း


အာဆင်နယ်အသင်းအား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိဟု အင်ဇာဂီပြောကြား စာမျက်နှာ ၁၁

ဓာတ်ခွဲခန်းထုတ် ဝက်သားအမျိုးအစားတစ်မျိုး စင်ကာပူပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် ပေါ်ထွက်လာ စာမျက်နှာ ၁၉


## မိုးထစ်ချုန်း၍ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်

(၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၇ ရက် ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးအသင့်အတင့်ရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးထစ်ချုန်း၍ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

**၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ သောကြာနေ့။**

**မန္တလေး**

# ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိ

ဝါသီးနှံသည် ချည်ထည်လုပ်ငန်းများအတွက် အရေးပါသော ကုန်ကြမ်းဖြစ်ပြီး သဘာဝချည်မျှင်များကို ထုတ်ပေးသည့် အပင်ဖြစ်ပြီး မြန်မာနိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ အရေးပါသော သီးနှံဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုးဖြင့် နိုင်ငံ့စီးပွားတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော စိုက်ပျိုးထုတ်လုပ်မှုတိုးတက်ရေးကို ဦးတည်လျက် ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်မြင့်မားရေး၊ တစ်ဧက အထွက်နှုန်းမြင့်မားစွာရရှိစေရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးနှင့် နိုင်ငံတော်အတွက် လိုအပ်နေသော အဝတ်အထည်နှင့် လူမှုအသုံးအဆောင်များအတွက် ကုန်ကြမ်းဖြစ်သော ဝါဂွမ်းများ ပြည်တွင်းတွင် ဖူလုံစွာ ထွက်ရှိနိုင်ရေးအပြင် ကုန်ချောများကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံ့စီးပွားတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဝါသီးနှံကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတို့တွင် စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ဝါချည်ဖြင့် ရက်လုပ်သော အထည်အလိပ်များသည် နွေရာသီတွင် အေးကာ ဆောင်းရာသီတွင်နွေးပြီး ချည်ထည်တို့မှာ ကြာရှည်ခိုင်ခံ့ခြင်း၊ ဝတ်ဆင်ရာ၌ သက်သောင့်သက်သာရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ငွေကြေးသင့်တင့်သောကြောင့် လူတန်းစားအလွှာမရွေး လက်လှမ်းမီသောအထည်အလိပ်ဖြစ်၍ အသုံးပြုသူများပြားလျက်ရှိသည်။ ထို့ပြင် ဝါဂွမ်းသည် လူသုံးပစ္စည်းအမြောက်အမြားပြုလုပ်ရန် အသုံးဝင်ရုံသာမက ဝါစေ့များကိုလည်း ဆီကြိတ်၍ ဝါစေ့ဆီထုတ်ယူနိုင်သည်။ ဆီကြိတ်၍ ကျန်ရှိသော ဝါစေ့ဖတ်နှင့် ဝါစေ့ခွံတို့သည်လည်း လူသုံးပစ္စည်းအဖြစ် အသုံးပြုကြသည်။ ထို့ကြောင့် ဝါစိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

ဝါစိုက်တောင်သူများအတွက် ချည်မျှင်ရှည်ဝါမျိုးကောင်းမျိုးသန့်များ နှစ်စဉ်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ဝါမျိုးများစုဆောင်းထိန်းသိမ်းခြင်း၊ ဝါမျိုးများမွေးမြူရွေးချယ်ခြင်းလုပ်ငန်းများ၊ ဝါမျိုးကောင်းမျိုးသန့်များကို မျိုးသန့်အဆင့်အလိုက် မျိုးသန့်ပွားများခြင်းလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာန၏ ဝါသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံများတွင် စနစ်တကျဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်က ပြည်တွင်းအငယ်စား၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် လိုအပ်သော ချည်ကုန်ကြမ်းအား တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရေး၊ ဝါကုန်ကြမ်းကောင်းရရှိရေးအတွက် မြန်မာ့ရေမြေရာသီဥတုနှင့် ကိုက်ညီပြီး ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသည့် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ဝါစိုက်ဧကများ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## အကြိမ်(၃၀)မြောက် မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန် ကျင်းပ



**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ယနေ့ နံနက် ၉ နာရီက အကြိမ်(၃၀)မြောက် မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်ပွဲ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့ ဖွင့်လှစ်ခဲ့ပြီး ရွှေကြေးစည်ဆရာတော် ဘဒ္ဒန္တ ဥတ္တမထံမှ ငါးပါးသီလခံယူဆောက်တည်ပြီး၊ ပင့်သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားရွတ်ဖတ်ပူဇော်၍ နာယူကြည်ညိုကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်တော် လှူဒါန်းငွေနှင့် လှူဒါန်းမှုပစ္စည်းများတန်ဖိုးကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက သံဃာတော်များအား ကထိန်သင်္ကန်းလျာ ဆက်ကပ်လှူဒါန်းပြီး သာဓုအနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြည်ညိုကြသည်။

မြို့နယ်လုံးဆိုင်ရာ စုပေါင်းမဟာဘုံကထိန်တော်၌ မင်းကန်ကျေးရွာကျောင်းတိုက်၊ တောစုကျေးရွာကျောင်းတိုက်၊ ဇီးတောကျေးရွာကျောင်းတိုက်၊ ဘုတ်ကျေးရွာကျောင်းတိုက်တို့ကို လှူဒါန်းမှုစုစုပေါင်းတန်ဖိုး ငွေကျပ် ၁၅၂ သိန်းကျော် လှူဒါန်းခဲ့ပြီး အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ဝ၉၅)**

## ချမ်းအေးသာစံမြို့နယ်တွင် (၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ



**မန္တလေး နိုဝင်ဘာ ၇**

(၃၆)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအရှေ့ရပ်ကွက်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)မှ ပေးပို့လာသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဖြစ်ပေါ်လာပုံ သမိုင်းကြောင်းဖြစ်စဉ် Video Clip ပြသခဲ့သည်။

ထို့နောက် စံပြဝန်ထမ်းဆုရရှိသော ဝန်ထမ်း၊ ၂၀၂၄ ခုနှစ် တစ်နှစ်တာကာလအတွင်း ခွင့်ခံစားခြင်းမရှိ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး နှစ်ပြည့်ပင်စင်ခံစားခဲ့သော ဝန်ထမ်းအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့သည်။

ယင်းနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုပြသခြင်းအစီအစဉ်များ ဆောင်ရွက်ကာ အမှတ်တရ မှတ်တမ်းဓာတ်ပုံရိုက်ကြပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အမှတ်တရလက်ဆောင်များ ကံစမ်းမဲဖောက်ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးအေးလင်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးအောင်နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်-၄)**

## မိတ္ထီလာမြို့နယ် ကုက္ကိုကုန်းအခြေခံပညာအထက်တန်းကျောင်းခွဲ၌ လူငယ်စကားဝိုင်း ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် ကုက္ကိုကုန်းအခြေခံပညာအထက်တန်းကျောင်းခွဲ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် မြို့နယ်စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းမှ စာရေးဆရာ မြင့်မားအောင်နှင့် စာရေးဆရာ ကိုညစ္စာ(ထီလာ)တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်က လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးခေါင်းစဉ်ဖြင့် အသိပညာပေးပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကုက္ကိုကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူအောင်က လူငယ်စကားဝိုင်းကျင်းပပြုလုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီးနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပသည်။

အဆိုပါ လူငယ်စကားဝိုင်းတွင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ဦးဆောင်၍ ကုက္ကိုကုန်းအခြေခံပညာအထက်တန်းကျောင်းခွဲမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုပါ လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးသူများနှင့် ဖြည့်စွက်ဆွေးနွေးသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်နှင့် ကုက္ကိုကုန်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မူမူအောင်တို့က အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၆၉)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာရာ အက်မက်စ် ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အဖွင့်မိန့်ခွန်း ပြောကြား**

ထို့နောက် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ လာအိုနိုင်ငံဝန်ကြီးချုပ်က အဖွင့်မိန့်ခွန်းကို လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က အမှာစကားကို လည်းကောင်း ပြောကြားကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား- မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် ၂၀၀၃ ခုနှစ်က မြန်မာနိုင်ငံ ပုဂံမြို့တွင် အခြေတည်ခဲ့သည့် အက်မက်စ် ပူးပေါင်းဆောင်ရွက်မှုသည် ယခုဆိုလျှင် ၂၁ နှစ် သက်တမ်းရှိခဲ့ပြီဖြစ်ကြောင်း၊ စတင်တည်ထောင်ချိန်ကစ၍ အက်မက်စ်သည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရေး၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကွာဟချက်ကို လျှော့ချရေးနှင့် ဒေသဆိုင်ရာစီးပွားရေးပေါင်းစည်းမှုကို မြှင့်တင်ရေးတို့အတွက် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ မဲခေါင်နိုင်ငံ (၅)နိုင်ငံနှင့် စုစည်းထားသော အက်မက်စ်ဖြစ်သည့်အတွက် (၅)နိုင်ငံရှိပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှု နှောင်ကြိုးများသည် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းဆက်ဆံရေးအပေါ်အခြေခံထားခြင်းပင်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့**

ပူးပေါင်းဆောင်ရွက်မှုနှစ်များအတွင်း မိမိတို့ပူးပေါင်းဆောင်ရွက်မှု၏ အရှိန်အဟုန်ကို သက်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် အစည်းအဝေးများ ကျင်းပ၍ဆောင်ရွက်ဆဲလုပ်ငန်းစဉ်များနှင့် သက်သေပြနိုင်ခဲ့ကြောင်း၊ မိမိအနေဖြင့် အက်မက်စ် ယာယီ အတွင်းရေးမှူးရုံး(AIS) တည်ထောင်နိုင်ရေး အတွက် ဆွေးနွေးညှိနှိုင်းပြီး အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် မဲခေါင်သိပ္ပံ (MI)တို့အကြား စာချွန်လွှာ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ထိုင်းနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုမှုနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုများကို အသိအမှတ်ပြုလိုကြောင်း၊ အက်မက်စ် ယာယီအတွင်းရေးမှူးရုံး၏ လုပ်ဆောင်နိုင်စွမ်းသည် အက်မက်စ်မူဘောင်အောက်တွင် ဒေသတွင်းပေါင်းစည်းမှုကို ဖော်ဆောင်မည့် အက်မက်စ်၏ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်ကို ပိုမိုမြှင့်တင်ပေးနိုင်ခဲ့ကြောင်း။

အက်မက်စ်နှင့် ပထမအသုတ် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်များအကြား ပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ် ခြောက်ခုကို အတည်ပြုနိုင်ခဲ့သည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း၊ ယင်းပူးတွဲဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များတွင် ဖော်ပြထားသည့်အတိုင်း မိမိတို့၏ မိတ်ဖက်များနှင့် သီးခြားပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်ပြီး အလုံးစုံဖွံ့ဖြိုးတိုးတက်ပြီးခံနိုင်ရည်ရှိသည့် အက်မက်စ် အသိုက်အဝန်းကို တည်ဆောက်ရာတွင် ထပ်လောင်းအားဖြည့်နိုင်မည်ဖြစ်ကြောင်း။

အပြန်အလှန် ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်သည် အက်မက်စ် ဒေသကို ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်အဖြစ် ဖန်တီးရန်ခိုင်မာသည့် အခြေခံအုတ်မြစ် ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အက်မက်စ်နိုင်ငံများအကြား အကြားအလပ်မရှိ ချိတ်ဆက်နိုင်စေရန် အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့်ဘက်စုံသယ်ယူပို့ဆောင်ရေး စနစ်ကို ဖော်ဆောင်သင့်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု အခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးစကြံများနှင့် ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက် ကြိုးပမ်းလျက်ရှိကြောင်း၊ နိုင်ငံအတွင်း မြို့ပြနှင့် ကျေးလက်ဒေသများ အကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချနိုင်စေရန် စွမ်းအင်ပို့လွှတ်ရေးနှင့် လျှပ်စစ်ဓာတ်အားပေးဝေရေးကွန်ရက်များကို တိုးမြှင့်ရန် ကြိုးပမ်း ဆောင်ရွက်မှုသည် အက်မက်စ်ဒေသ တစ်ခုလုံး အတွက်လည်း အကျိုးရှိစေမည် ဖြစ်ကြောင်း။

**ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-Governance ကွန်ရက်များကို အဆင့်မြှင့်တင်**

ယနေ့ခေတ် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်များအရ ဒေသတွင်း အကြားအလပ်မရှိ ချိတ်ဆက်မှု မြှင့်တင်ရာတွင် ခေတ်မီတိုးတက်သည့် နည်းပညာ၏ အရေးပါမှုကို မိမိအနေဖြင့် အလေးထား ပြောကြားလိုကြောင်း၊ မိမိတို့ အနေဖြင့် လုံခြုံမှုရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာများနှင့် အညီ အက်မက်စ် နိုင်ငံများအကြား ငွေကြေးနှင့် ကုန်သွယ်မှုဆိုင်ရာ အစီအမံများ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် E-Governance ကွန်ရက်များကို အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များနှင့် ပန်းတိုင်များကို အကောင်အထည်ဖော်ရာတွင် အက်မက်စ် ပင်မ စီမံချက်သည် ဖြည့်စွက်ထောက်ပံ့မှုတစ်ခုဖြစ်လာနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ကြောင်း။

စာမျက်နှာ ၄ သို့ »»

❖ အပြန်အလှန်ချိတ်ဆက်ထားသည့် သယ်ယူပို့ဆောင်ရေး ကွန်ရက်စနစ်သည် အက်မက်စ်ဒေသကို ဖွံ့ဖြိုးတိုးတက်မှုဗဟိုချက်အဖြစ် ဖန်တီးရန် ခိုင်မာသည့် အခြေခံအုတ်မြစ်ဖြစ်

❖ မိမိတို့အနေဖြင့် အက်မက်စ်နိုင်ငံများအကြား အကြားအလပ်မရှိ ချိတ်ဆက်နိုင်စေရန်အတွက် ဒေသတစ်ခုလုံးကို လွှမ်းခြုံနိုင်သည့် ဘက်စုံသယ်ယူပို့ဆောင်ရေးစနစ်ကို ဖော်ဆောင်သင့်


❖ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုကောင်းမွန်သည့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုအခွင့်အလမ်းများ ဖန်တီးနိုင်ရန်နှင့် ဒေသတွင်းစီးပွားရေးစကြံများနှင့် ချိတ်ဆက်နိုင်ရန် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက် ကြိုးပမ်းလျက်ရှိ

»»» စာမျက်နှာ ၃ မှ

ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ကဏ္ဍသည် အက်မက်စ်စီးပွားရေးအတွက် အဓိကမောင်းနှင်အားတစ်ခုဖြစ်ပြီး မိမိတို့နိုင်ငံများ၏ ပြည်တွင်းအသားတင် ထုတ်ကုန် (GDP)၊ ငွေကြေးဖောင်းပွမှုနှုန်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း၊ အလုပ်အကိုင်ရရှိမှုနှင့် လူမှုဘဝဆိုင်ရာအချက်အလက်များအပေါ် လွှမ်းမိုးမှုရှိကြောင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ရိုးရှင်း၍ တိကျခိုင်မာစေခြင်းဖြင့် ဒေသတွင်းစီးပွားရေးနှင့် ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းတို့အပေါ် သိသာထင်ရှားစွာ အကျိုးပြုစေမည်ဖြစ်ကြောင်း။

**ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

ထို့ကြောင့် မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ပိုမိုကောင်းမွန်သည့် ဒေသတွင်းအဆင့်စီးပွားရေးပေါင်းစည်းမှုများ ဖော်ဆောင်ရေးအတွက်ပေါင်းစည်းအင်အားဖြင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် တိုက်တွန်းလိုကြောင်း၊ မိမိအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်များကို မြန်မာနိုင်ငံသို့ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် ဖိတ်ခေါ်လိုကြောင်း၊ စိုက်ပျိုးရေးသည် မြန်မာနိုင်ငံအပါအဝင် အက်မက်စ်ဒေသ၏ အစားအစာထုတ်လုပ်ခြင်း အဓိကအရင်းအမြစ်အဖြစ် ရပ်တည်လျက်ရှိပြီး အက်မက်စ်ဒေသတွင်း လူဦးရေ၏ အများစုကို ကိုယ်စားပြုသည့် ကျေးလက်ဒေသ ပြည်သူများအတွက် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပျိုးရေးသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်လျှော့ချရေးတို့အတွက် နည်းလမ်းတစ်သွယ်လည်းဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

❖ **မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအတွင်းရှိ ပုဂ္ဂလိကကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်လုပ်ငန်းသစ်များကို အက်မက်စ်မူဘောင်အောက်ရှိ ခေတ်မီစီးပွားရေးလုပ်ငန်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် အားပေးလို**

❖ **မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများနှင့် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလို**

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအတွင်းရှိ ပုဂ္ဂလိက ကဏ္ဍများ၊ အထူးသဖြင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင် လုပ်ငန်းသစ်များကို အက်မက်စ် မူဘောင်အောက်ရှိ ခေတ်မီစီးပွားရေးလုပ်ငန်း အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ကြရန် အားပေးလိုကြောင်း၊ မြန်မာနိုင်ငံသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စီးပွားရေးတည်ငြိမ်မှုကို မြှင့်တင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ရန်အတွက် ပုဂ္ဂလိကကဏ္ဍ ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းများနှင့် ကြိုးပမ်းလျက်ရှိသည်ကို အသိပေးပြောကြားလိုကြောင်း။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းဝင်ငွေစီးဆင်းမှုကို သိသာစွာထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွားအကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်းဒေသများရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲရှိသည့် ဝေးလံခေါင်ဖျားဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်ကြောင်း။

မိမိအနေဖြင့် အက်မက်စ်နိုင်ငံများအား ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များမှတစ်ဆင့် လူမှု-ယဉ်ကျေးမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများကို မြှင့်တင်ရန်နှင့် မိမိတို့သဘောတူညီထားသည့် "ငါးနိုင်ငံ၊ ခရီးစဉ်တစ်ခု" အစီအစဉ်ကို အကောင်အထည်ဖော်ပြီး ငြိမ်းချမ်း၍ အကျိုးစီးပွားဖြစ်ထွန်းသည့် အက်မက်စ်အဖွဲ့အစည်း တည်ဆောက်ရေးကို အားပေးကြဖို့ ဆန္ဒပြုလိုကြောင်း၊ ယခုအခါ မြန်မာနိုင်ငံသည် အက်မက်စ်၏ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရန် အလှည့်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများနှင့်အတူတကွ ပေါင်းစည်းအင်အားဖြင့် အက်မက်စ်ဒေသဘက်စုံစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရန် ဝမ်းမြောက်ဝမ်းသာစွာ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ် မူဘောင်အောက်တွင် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ်တို့က အမှာစကားများပြောကြားကြပြီး နယူးဇီလန်နိုင်ငံကို ဒုတိယအသုတ် အက်မက်စ် ဖွံ့ဖြိုးတိုးတက်မှုနိုင်ငံအဖြစ် အတည်ပြုကြေညာ၍ (၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး၏ "ဗီယင်ကျန်းကြေညာစာတမ်း"ကို ထုတ်ပြန်ကြေညာကာ အက်မက်စ် ပင်မစီမံချက်၏ နောက်ဆက်တွဲအဖြစ် "မဲခေါင်ဒေသတွင်းရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှု သဘောတရားစာတမ်း"ကို ထည့်သွင်းသည်။

ယင်းနောက် လာအိုနိုင်ငံဝန်ကြီးချုပ်က အက်မက်စ် အလှည့်ကျဥက္ကဋ္ဌ တာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လွှဲပြောင်းပေးအပ်ပြီး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူရခြင်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် အက်မက်စ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ်ကာလတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များမှ ရရှိသည့် အကျိုးကျေးဇူးများကို အက်မက်စ် အဖွဲ့ဝင်နိုင်ငံများအားလုံး ရရှိခံစားနိုင်ရန်အတွက် ယခင်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သကဲ့သို့ အခြေခံကျသော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မဟာဗျူဟာများ ရေးဆွဲဖော်ဆောင်ခြင်းဖြင့်လည်း ထိရောက်စွာကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အနေဖြင့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှုကို ယခင်ဥက္ကဋ္ဌများ ချမှတ်ခဲ့သည့် လမ်းစဉ်အတိုင်း ပြီးပြည့်စုံ၍ ဖွံ့ဖြိုးတိုးတက်သည့် အက်မက်စ် ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ရေး ရှေ့ဆက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ဥက္ကဋ္ဌအသစ်တာဝန်ကိုစတင်ထမ်းဆောင်သည့်အခါ မိမိအနေဖြင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်နှင့် အက်မက်စ်ပူးပေါင်းဆောင်ရွက်မှု၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ အမြော်အမြင် ကြီးမားမှု၊ ပံ့ပိုးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ လာမည့် အက်မက်စ် ထိပ်သီးအစည်းအဝေးကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး အဆွေတော်တို့ကို တွေ့ဆုံနိုင်မည့် အခွင့်အလမ်းကိုမျှော်လင့်စောင့်စားလျက်ရှိကြောင်း ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(၁၀)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး (10th Ayeyawady- Chao Phraya-Mekong Economic Cooperation Strategy -ACMECS) ကို မဲခေါင်နိုင်ငံများ၏ နယ်စပ်ဒေသများတွင် ယှဉ်ပြိုင်နိုင်စွမ်းကိုတိုးမြှင့်ပြီး ဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန်၊ စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အခွင့်အလမ်း ပိုမိုကောင်းမွန်သည့် ဒေသများသို့ ပြောင်းရွှေ့ရာ၌ အထောက်အကူပြုရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးပြီး အဖွဲ့ဝင်နိုင်ငံများအကြား ဝင်ငွေကွာဟမှုကို လျှော့ချရန်နှင့် အားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ညီတူညီမျှသာယာဝပြောရေးတို့ကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းဖြင့် တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

❖ **ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုသည် ဒေသတွင်းဝင်ငွေစီးဆင်းမှုကို သိသာစွာထောက်ပံ့ပေးလျက်ရှိပြီး ဆင့်ပွားအကျိုးသက်ရောက်မှုအဖြစ် ခရီးသွားလုပ်ငန်းဒေသများရှိ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှု လိုအပ်ချက်နှင့် အလုပ်အကိုင်အခွင့်အလမ်း အခက်အခဲရှိသည့် ဝေးလံခေါင်ဖျားဒေသများကို ဖွံ့ဖြိုးတိုးတက်စေသည့် နည်းလမ်းတစ်ခုလည်းဖြစ်**

❖ **မြန်မာနိုင်ငံသည် မဲခေါင်ဒေသခွဲအတွင်းရှိ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အထူးအလေးထား ဦးစားပေးဆောင်ရွက်လျက်ရှိသည်နှင့်အညီ အက်မက်စ်မူဘောင်အောက်တွင် အက်မက်စ် အဖွဲ့ဝင်နိုင်ငံများ၏ ထားရှိခဲ့သည့် ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးမှု၊ အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုနှင့် အကျိုးအမြတ်မျှဝေမှုတို့အပေါ်တွင် အခြေခံပြီး တက်ကြွစွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

■ စာမျက်နှာ ၂၄ မှ

နိုင်ငံအသီးသီးတွင် မူပိုင်ခွင့် ဥပဒေများ၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဥပဒေများက ပြဋ္ဌာန်းထားပြီးဖြစ်ကြသည့် အတွက် နိုင်ငံအချင်းချင်းဖြစ်စေ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများမှ တစ်ဆင့်ဖြစ်စေ ဆန်းသစ်တီထွင်မှုကဏ္ဍတွင် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းဖြင့် ဂျီအမ်အက်စ် ဒေသခွဲအတွင်း အဖွဲ့ဝင်နိုင်ငံအားလုံး အတွက် တိုးတက်မှုကို ဖော်ဆောင်နိုင်မည်ဟုယုံကြည်ကြောင်းဖြင့် အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် သဘာပတိက ဆွေးနွေးမှုများအပေါ် အကျဉ်းချုပ်တင်ပြပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးပထမပိုင်းကို ရုပ်သိမ်းခဲ့သည်။

### စုစုပေါင်း ၂၀၀ ခန့် ပါဝင်တက်ရောက်

ထို့နောက် အစည်းအဝေး အစီအစဉ် ဒုတိယအပိုင်းအဖြစ် **"ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့"** ခေါင်းစဉ်ဖြင့် နိုင်ငံ့ခေါင်းဆောင်များ မျက်နှာစုံညီ အစည်းအဝေးကို ဆက်လက်ကျင်းပရာအဖွဲ့ဝင်နိုင်ငံခြောက်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်ကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌနှင့် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များနှင့် အဖွဲ့ဝင်နိုင်ငံများမှ ဒေသန္တရအစိုးရ ကိုယ်စားလှယ်များ စုစုပေါင်း ၂၀၀ ခန့် ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေး၌ အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က အဖွင့်အမှာစကားပြောကြားပြီးနောက် အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ ဥက္ကဋ္ဌတို့က အသီးသီး အမှာစကားပြောကြားကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ရာဂီတိုင်ဖွန်းမုန်တိုင်းကြောင့် မိမိတို့ မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံများတွင် လူပေါင်းများစွာ ရေဘေးသင့်ဒဏ်၊ မြေပြိုမှုဒဏ်များကို ခံစားခဲ့ကြရကြောင်း၊ မိမိတို့အနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံအစိုးရအချင်းချင်း၊ အာဆီယံနှင့် နိုင်ငံတကာအသိုက်အဝန်းများ၊ ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ရာဂီတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကို ဆိုးရွားစွာ ခံစားခဲ့ရသည့် ဂျီအမ်အက်စ်ဒေသခွဲရှိ ပြည်သူများအားလုံး ပုံမှန်အခြေအနေသို့ အမြန်ဆုံးရောက်ရှိကြပါစေကြောင်း။

၁၉၉၂ ခုနှစ်ကတည်းကစပြီး ဆယ်စုနှစ် သုံးခုကျော်ကာလ လျှောက်လှမ်းလာခဲ့သည့် ဂျီအမ်အက်စ်အစီအစဉ်သည် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုတွင် သိသာထင်ရှားသည့် အောင်မြင်မှုများ ရရှိခဲ့သည့်အတွက် ဂုဏ်ယူပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper) အတည်ပြုမှုနှင့် ပတ်သက်၍ ပြောကြားရာ၌ "နိုင်ငံတကာမှာ ဆန်းသစ်တီထွင်မှုနဲ့ပတ်သက်ပြီး အလေးထား ဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် **"ဆန်းသစ်တီထွင်မှု ဖော်ဆောင်ခြင်းဖြင့် ပိုမိုကောင်းမွန်သည့် အသိုက်အဝန်းဆီသို့"** ဆိုတဲ့ ဒီထိပ်သီးအစည်းအဝေးရဲ့ခေါင်းစဉ်နဲ့ ဒီကနေ့ အတည်ပြုမယ့် ဆန်းသစ်တီထွင်မှုမဟာဗျူဟာ (Innovation Strategy) တို့ဟာ ဂျီအမ်အက်စ်ဒေသခွဲအတွက် အချိန်အခါသင့်ဖြစ်ပါတယ်။ ဒေသခွဲအတွင်း ကုန်ထုတ်စွမ်းအား မြှင့်တင်မှု၊ နည်းပညာတိုးတက်မှု၊ စက်မှုလုပ်ငန်းသစ်များနဲ့ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုတို့အတွက် နည်းပညာနဲ့ ဆန်းသစ်တီထွင်မှုဟာ အဓိကမောင်းနှင်အားပဲ ဖြစ်ပါတယ်။

အားလုံးသိပြီးဖြစ်တဲ့ အတိုင်း ဂျီအမ်အက်စ်ရဲ့ **ဆန်းသစ်တီထွင်မှုမဟာဗျူဟာ ၂၀၃၀** ဟာ ဂျီအမ်အက်စ် မဟာဗျူဟာ မူဘောင် ၂၀၃၀ အကောင်အထည်ဖော်ရာမှာ ပူးပေါင်းဆောင်ရွက်မှုတွေ အရှိန်မြှင့်တင်နိုင်ဖို့ ရည်ရွယ်ချက်နဲ့ ရေးဆွဲထားတာဖြစ်ပြီး မဟာဗျူဟာရေးဆွဲရေးဆိုင်ရာ သဘောတရားစာတမ်း (Concept Paper) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံမှာ ကျင်းပခဲ့တဲ့ (၂၆) ကြိမ်မြောက် ဂျီအမ်အက်စ် ဝန်ကြီးများ အစည်းအဝေးမှာ အတည်ပြုခဲ့ကြပြီးဖြစ်ပါတယ်။

ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံများအတွက် စိန်ခေါ်မှုအဖြစ် ရင်ဆိုင်နေကြရသည့် ရာသီဥတုပြောင်းလဲမှု၊ စားရေရိက္ခာဖူလုံမှု၊ သဘာဝဘေးအန္တရာယ်၊ ငွေကြေးဖောင်းပွမှု၊ ကမ္ဘာ့ကျန်းမာရေး အကျပ်အတည်း၊ စွမ်းအင်ဈေးနှုန်းမြင့်တက်လာမှု၊ ရွှေ့ပြောင်းလုပ်သားနှင့် စီးပွားရေးမညီမျှမှုစသည့် စိန်ခေါ်မှုများသည် အပြန်အလှန်ဆက်နွှယ်နေကြခြင်းဖြစ်ကြောင်း။

ယင်းစိန်ခေါ်မှုများကို တစ်နိုင်ငံတည်း၊ အဖွဲ့အစည်းတစ်ခုတည်း အနေဖြင့် ဖြေရှင်း၍မရသည့်အတွက် ညှိနှိုင်းပေါင်းစပ်မှုနှင့် ဘက်စုံချဉ်းကပ်ဆောင်ရွက်မည့် နည်းလမ်းများ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အရင်းအမြစ်များကို ပေါင်းစည်းအသုံးပြုခြင်း၊ အသိပညာမျှဝေခြင်းနှင့် မူဝါဒများကို လိုအပ်သလို ချိန်ညှိဆောင်ရွက်ခြင်းဖြင့် ဂျီအမ်အက်စ်ဒေသ၏ ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့မှုကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရေမြေအနေအထား၊ သဘာဝအခြေခံ တူညီနေသည့် ဂျီအမ်အက်စ် နိုင်ငံများအနေဖြင့် ဂေဟစနစ်များ၊ ရေလမ်းကြောင်းနှင့် ရာသီဥတုများကို မျှဝေလေ့ရှိခြင်းကြောင့် ယင်းစိန်ခေါ်မှုများကို ဖြေရှင်းရာတွင် ဂျီအမ်အက်စ် အစီအစဉ်၏ 3C ဟုခေါ်သည့်ချိတ်ဆက်မှု (Connectivity)၊ ယှဉ်ပြိုင်မှု (Competitiveness)နှင့် လူမှုအသိုက်အဝန်း (Community) စသည့် မဏ္ဍိုင်သုံးရပ်အောက်တွင် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

### အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရမည်

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုတည်ဆောက်ရာတွင် ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သည့်အတွက် နိုင်ငံတစ်နိုင်ငံ၏ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှု (Public Health Care) သည် လွန်စွာအရေးကြီးကြောင်း၊ နောင်အနာဂတ်ကာလတွင် တိုးတက်လာမည့်လူဦးရေနှင့် ပြောင်းလဲလာမည့်လူမှုစီးပွား၊ ပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများကို ကြိုတင်တွက်ဆပြီး ရှိရင်းစွဲအရင်းအမြစ်များကို အကောင်းဆုံး အသုံးချခြင်းဖြင့် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို အရည်အသွေးပြည့်ဝအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမျိုးသားအဆင့် ဆောင်ရွက်မှုများကို ဂျီအမ်အက်စ်၏ ကျန်းမာရေး မဟာဗျူဟာနှင့် ချိတ်ဆက်ပြီး ဒေသန္တရအစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည်ဟု ပြောကြားလိုကြောင်း။

ဒေသ၏ စိန်ခေါ်မှုတစ်ရပ်ဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး (Food Security) နှင့် ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိကြောင်း၊ စားနပ်ရိက္ခာ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကို စဉ်းစားပါက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည်အရေးကြီးကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်းသစ်တီထွင်မှုဆိုင်ရာဗဟုသုတများ မျှဝေခြင်း၊ ဒေသတွင်းစားနပ်ရိက္ခာဈေးကွက် ဖော်ဆောင်ခြင်း၊ နည်းပညာလွှဲပြောင်းမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။


မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များကို ခေတ်မီနည်းစနစ်များ အသုံးပြုပြီး ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံစေရန်အတွက် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်တွင် မြန်မာနိုင်ငံသည် ကမ္ဘာ့ဆန်တင်ပို့မှု အများဆုံးနိုင်ငံများထဲတွင် အဆင့်(၈)ဖြစ်ပြီး ပဲတင်ပို့မှုတွင် အဆင့် (၂)ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံမှုသာမက ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရေးအတွက်လည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါကြောင်းကိုအသိပေးပြောကြားလိုကြောင်း။

ဆက်လက်၍ ဂျီအမ်အက်စ်၏ သင်္ကေတတစ်ခုဖြစ်သည့် စီးပွားရေးစင်္ကြံများ၏ အရေးပါမှုကို အလေးထားပြောကြားလိုကြောင်း၊ စီးပွားရေးစင်္ကြံများ ဖွံ့ဖြိုးမှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တိုးတက်မှုကို အရှိန်မြှင့်တင်ရန်၊ ဒေသတွင်းပေါင်းစည်းမှုကို မြှင့်တင်ရန်နှင့် အားလုံးပါဝင်နိုင်သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေခြင်းဖြစ်ကြောင်း၊ ထုတ်လုပ်သူများနှင့် ဈေးကွက်များအကြား ချိတ်ဆက်မှုကို တိုးမြှင့်ခြင်းဖြင့် စီးပွားရေးစင်္ကြံတစ်လျှောက် ကုန်သွယ်မှု တိုးတက်စေသည့်အပြင် နိုင်ငံဖြတ်ကျော် ကုန်သွယ်မှုတွင် ဈေးကွက်အသစ်များ ပေါ်ထွန်းလာစေနိုင်ကြောင်း၊ ယင်းစီးပွားရေးစင်္ကြံများကို အသုံးပြုပြီး အဖွဲ့ဝင်နိုင်ငံများအားလုံး ပါဝင်သော ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် အလေးထားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ ဦးတည်ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး အကျဉ်းမျှ အသိပေးပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးလျက်ရှိကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်အပေါ်တွင်အခြေခံပြီး နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးမူဝါဒကို ကျင့်သုံးနေခြင်းဖြစ်ကြောင်း။ မိမိတို့အနေဖြင့် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွားများကို အလေးထားပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဦးတည်ချက် (၉)ရပ် ချမှတ်ကာ ကဏ္ဍအလိုက်အကောင်အထည်ဖော်နေခြင်းဖြစ်ကြောင်း။

လျင်မြန်စွာ ပြောင်းလဲနေသည့် အခြေအနေများကြားမှ လက်ရှိနိုင်ငံအချင်းချင်းနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်များအပါအဝင် အခြားသော နိုင်ငံတကာ ကတိကဝတ်များကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှုသည် အဓိကကျသည့် အခြေခံမူပင် ဖြစ်ကြောင်း၊ ထို့ကြောင့် ဂျီအမ်အက်စ်ဒေသတွင်း လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထောက်ပံ့ပေးနိုင်မည့် ကဏ္ဍအလိုက် စီမံချက်များကို အကောင်အထည် ဖော်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းမှု၊ ဂျီအမ်အက်စ် အတွင်းရေးမှူးရုံး၏ ပံ့ပိုးကူညီမှုများသာမက ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကကဏ္ဍနှင့် ဒေသန္တရအစိုးရများ အပါအဝင် အခြားသက်ဆိုင်သူများအားလုံး အတူတကွ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။


စာမျက်နှာ ၁၃ သို့ ■



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ကြိုဆိုနှုတ်ဆက်စဉ်။

- ❖ ကမ္ဘာ့လူဦးရေသည် ယခု ၈ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၃၀ တွင် ၈ ဒသမ ၆ ဘီလီယံ၊ ၂၀၃၅ တွင် ၈ ဒသမ ၉ ဘီလီယံရှိမည်ဟု ခန့်မှန်းထား
- ❖ ရိက္ခာဖူလုံမှုပြဿနာသည် ပိုမိုကြီးမားလာဖွယ်ပင်ရှိ
- ❖ စားနပ်ရိက္ခာထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဖြန့်ဖြူးမှုတို့သည် နိုင်ငံတစ်နိုင်ငံ၏ နယ်နိမိတ်အတွင်းမှာသာ ဆောင်ရွက်နေရခြင်းမဟုတ်သည့်အတွက် စားနပ်ရိက္ခာဖူလုံမှုကို စဉ်းစားပါက ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီး
- ❖ စိုက်ပျိုးရေးကဏ္ဍတွင် ဆန်းသစ်တီထွင်မှုဆိုင်ရာ ဗဟုသုတများ မျှဝေခြင်း၊ ဒေသတွင်း စားနပ်ရိက္ခာဈေးကွက် ဖော်ဆောင်ခြင်း၊ နည်းပညာလွှဲပြောင်းမှုအပါအဝင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလို






(၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော် နိုဝင်ဘာ ၇

(၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေး (11th Cambodia - Lao PDR - Myanmar - Vietnam (CLMV) Summit)ကို ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Wyndham Grand Hotel ၌ ကျင်းပရာ ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုနိုင်ငံဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ အာဆီယံအတွင်းရေးမှူးချုပ် H.E.Dr. KAO KIM HOURN၊ အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်ပူးပေါင်းဆောင်ရွက်မှု(စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိလာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အဖွဲ့ဝင်များကို ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် (၈) ကြိမ်မြောက် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ကျင်းပသည့် (၁၁) ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆွေတော် နိုင်ငံ့ခေါင်းဆောင်အကြီးအကဲများကို ကြိုဆိုပါကြောင်း။

မိမိအနေဖြင့် စီအယ်လ်အမ်ဗွီ အဆင့်မြင့်အရာရှိကြီးများနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ သက်ဆိုင်ရာ ဦးဆောင်နိုင်ငံအလိုက် ဖွဲ့စည်းထားသည့်လုပ်ငန်းအဖွဲ့များ၏ "(၁၁) ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်(မူကြမ်း)"ကို အပြီးသတ်ရေးဆွဲနိုင်အောင် အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့မှုများကိုလည်း ချီးကျူးဂုဏ်ပြုလိုကြောင်း၊ တိုင်ဖွန်းရာဂီ၏ ဆက်စပ်အကျိုးဆက်များဖြစ်သည့် ရေကြီး၊ မြေပြိုမှုများကြောင့် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများတွင်ရှိသည့် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများအပေါ် များစွာဝမ်းနည်းရပါကြောင်းကို ပြောကြားလိုကြောင်း။

လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည့်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေလိုအပ်ကြောင်း၊ ယနေ့ မိမိတို့တွေ့ဆုံဆွေးနွေးမှုသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုကို ပြန်လည် လေ့လာဆန်းစစ်ခွင့်ရရှိသည့်အပြင် "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်အောက်တွင် စီအယ်လ်အမ်ဗွီ မူဘောင်ကို ပိုမိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးခွင့်ရရှိခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်၊ လာအိုနိုင်ငံဝန်ကြီးချုပ်၊ ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်နှင့် အာဆီယံအထွေထွေ အတွင်းရေးမှူးချုပ်တို့က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့"ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့်ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးကြသည်။ စာမျက်နှာ ၇ သို့ *

- ❒ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့နိုင်ငံရေးရှုပ်ထွေးမှု၊ နိုင်ငံတကာပဋိပက္ခ၊ စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် စွမ်းအင်မလုံလောက်မှု စသည့်များကြားတွင် မိမိတို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိရန် မဖြစ်မနေလိုအပ်
- ❒ မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့် စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိ

* စာမျက်နှာ ၆ မှ

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ - ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က "ချစ်ကြည်ရင်းနှီးမှုနှင့် စည်းလုံးညီညွတ်မှုမှသည် ကြံ့ကြံ့ခံနိုင်၍ သာယာဝပြောသော အသိုက်အဝန်းဆီသို့" ခေါင်းစဉ်ဖြင့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှု၏ အနာဂတ်ဦးတည်ချက်အပေါ် အမြင်ချင်းဖလှယ်ခြင်းနှင့် ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးရာ၌ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ ပုဂံမြို့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် စတင်သန္ဓေတည်ခဲ့သည့် စီအယ်လ်အမ်ဗွီပူးပေါင်းဆောင်ရွက်မှုယန္တရားကို မိမိတို့အနေဖြင့် ပြန်လည်အမှတ်ရမိကြောင်း၊ ယင်းအချိန်မှစ၍ အဖွဲ့ဝင်နိုင်ငံများသည် ဒေသတွင်းငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ပေါင်းစည်းထားသည့် အသိုက်အဝန်းတစ်ခုဖန်တီးရန်အတွက် အားသွန်ခွန်စိုက် အတူတကွ ကြိုးစားခဲ့ကြကြောင်း။

**"စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်"နှင့် "စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအစီအစဉ်" များကို အတည်ပြုထုတ်ပြန်ခဲ့**

မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ စက်မှုနှင့်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဦးဆောင်နိုင်ငံအဖြစ်ဆောင်ရွက်လျက်ရှိကြောင်း၊ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံများ၏ အခြေခံအဆောက်အအုံနှင့် နည်းပညာချိတ်ဆက်ဆက်နွှယ်မှုများ ဆက်လက်တိုးတက်စေခြင်းသည် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါဆုံးကိစ္စရပ်ဖြစ်ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုအောက်မှ ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုအတွက် မိမိတို့သည် "စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှုမူဘောင်"နှင့် "စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှုမူဘောင် အကောင်အထည်ဖော်ရေးအစီအစဉ်" များကို အတည်ပြုထုတ်ပြန်ခဲ့ကြောင်း။

ကပ်ရောဂါဆိုးကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စက်မှုကဏ္ဍသည် သိသာထင်ရှားစွာထိခိုက်ခဲ့ရကြောင်း၊ အဆိုပါကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် စီးပွားရေးစင်္ကြံများ၊ စီးပွားရေးစင်္ကြံများအကြား ချိတ်ဆက်မှုများနှင့် အထူးစီးပွားရေးဇုန်များမှတစ်ဆင့် စက်မှုနည်းပညာဆိုင်ရာအခြေခံအဆောက်အအုံများနှင့် စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန် လိုအပ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Pham Minh Chich တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အာဆီယံအတွင်းရေးမှူးချုပ် H.E.Dr. KAO KIM HOURN တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဘေးအန္တရာယ်များနှင့် ပတ်သက်၍ စီအယ်လ်အမ်ဗွီနိုင်ငံများသည် ဒေသတွင်းနိုင်ငံများအတွင်း ထိခိုက်လွယ်ပြီး ထိခိုက်ခံရမှုအများဆုံးပင်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုကို လျော့ပါးသက်သာအောင် ဆောင်ရွက်ခြင်းသည် မိမိတို့ဒေသအတွက် အရေးကြီးသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝနှင့် လူလုပ်ဘေးအန္တရာယ်များ၏ စိန်ခေါ်မှုကို စုပေါင်းအားဖြင့် ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်သကဲ့သို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုယန္တရားနှင့် ရာသီဥတုပြောင်းလဲမှု လျော့ပါးသက်သာစေရေး၊ ဒေသတွင်း ထိခိုက်မှုလျှော့ချရေးနှင့် ကြိုတင်အသိပေးခြင်းဆိုင်ရာ ထိရောက်သောအစီအစဉ်များနှင့် စီမံခန့်ခွဲမှုများကို အားဖြည့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

**ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးထောက်ပံ့သင့်**

စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလာရေးလုပ်ငန်းသည် ပြည်သူချင်း ထိတွေ့ဆက်ဆံမှုအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ပြင် အဖွဲ့ဝင်နိုင်ငံများတွင် ရေမြေတောတောင်သဘာဝကို အခြေခံသည့် ခရီးသွားလုပ်ငန်းသည် ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အပံ့ဖြစ်စေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအလေ့အထများကို ထိန်းသိမ်းနိုင်သည့် ခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့် ပြည်တွင်းစီးပွားရေး လုပ်ငန်းများနှင့် MSMEs ကဏ္ဍများကို အားပေးထောက်ပံ့သင့်ကြောင်း။

စီအယ်လ်အမ်ဗွီ နိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ ဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီအယ်လ်အမ်ဗွီမူဘောင်အောက်မှ နယ်ပယ်အသီးသီးတွင် ရှိသည့် ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားသင့်ကြောင်း။

ရန်ပုံငွေရရှိခြင်းသည် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု ယန္တရားအပါအဝင် ပူးပေါင်းဆောင်ရွက်မှု ယန္တရားတိုင်း၏ အောင်မြင်တိုးတက်မှုအတွက် အရေးပါသည်ဟု သုံးသပ်မိကြောင်း၊ မိမိအနေဖြင့် IAI လုပ်ငန်းအစီအစဉ်များမှတစ်ဆင့် အကူအညီ အထောက်အပံ့ရအောင် ဆောင်ရွက်ပေးသည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို ကျေးဇူးတင်ရှိကြောင်း၊ ထို့ပြင် စီအယ်လ်အမ်ဗွီစီမံကိန်းများအတွက် အထောက်အပံ့ပေးသည့် ဖွံ့ဖြိုးတိုးတက်မှုမိတ်ဖက်နိုင်ငံများ၏ အကူအညီနှင့် အထောက်အပံ့များကိုလည်း အလေးထားကြောင်း။

မြန်မာနိုင်ငံသည် စီအယ်လ်အမ်ဗွီ အဖွဲ့ဝင်နိုင်ငံများနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်ရင်း မိမိတို့၏ဘုံရည်မှန်းချက်ဖြစ်သည့် ရေရှည်တည်တံ့သော အလုံးစုံလွှမ်းခြုံသည့် ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်သွားမည် ဖြစ်သည်ကို ထပ်လောင်းအတည်ပြုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များက စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၏ ထုတ်ပြန်ချက်များကို ဆွေးနွေးကြပြီး အတည်ပြုထုတ်ပြန်သည်။

**မိမိတို့ဒေသတွင်းရှိ ပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်**

ထို့နောက် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား- လာအို- မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့မြန်မာနိုင်ငံက ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေချိန်ကာလအတွင်းတွင် အဆွေတော်တို့၏ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှု၊ နားလည်ပေးမှုနှင့် အဖိုးမဖြတ်နိုင်သည့် အားပေးထောက်ခံမှုများအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ပြင် မိမိတို့သည် စည်းလုံးညီညွတ်မှု၊ ခံနိုင်ရည်ရှိမှုများနှင့် ယခုနှစ်များအတွင်း ဖြစ်ပေါ်လာသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ခဲ့ကြောင်း၊ စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် သက်ဆိုင်ရာ လုပ်ငန်းစီမံချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်းဖြင့် မိမိတို့ဒေသတွင်းရှိ ပြည်သူများ၏ သာယာဝပြောမှုနှင့် ကြီးပွားတိုးတက်မှုကို ပိုမိုအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း၊ မိမိတို့သည် ပိုမိုခိုင်မာသည့် ကတိကဝတ်များနှင့် စီအယ်လ်အမ်ဗွီ ပူးပေါင်းဆောင်ရွက်မှုယန္တရား၏ အရှိန်အဟုန်ကို ဆက်လက်အရှိန်မြှင့်တင်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို - မြန်မာ- ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်ထံ အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပြီး ဗီယက်နမ်ဝန်ကြီးချုပ်က အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းလက်ခံရခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့အား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

- **ကပ်ရောဂါဆိုးကြောင့် စီအယ်လ်အမ်ဗွီနိုင်ငံများ၏ စက်မှုကဏ္ဍသည် သိသာထင်ရှားစွာ ထိခိုက်ခဲ့ရကြောင်း၊ အဆိုပါကဏ္ဍ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အနေဖြင့် စီးပွားရေးစင်္ကြံများ၊ စီးပွားရေးစင်္ကြံများအကြား ချိတ်ဆက်မှုများနှင့် အထူးစီးပွားရေးဇုန်များမှတစ်ဆင့် စက်မှုနည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် စက်မှုအဆောက်အအုံများကို တည်ဆောက်၊ အဆင့်မြှင့်တင်ပေးရန် လိုအပ်**
- **စီအယ်လ်အမ်ဗွီနိုင်ငံများတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များဆောင်ရွက်ခြင်းသည် အရေးကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စီအယ်လ်အမ်ဗွီ မူဘောင်အောက်မှ နယ်ပယ်အသီးသီးတွင်ရှိသည့် ပညာသင်ဆုပေးအပ်ခြင်းနှင့် အတွေ့အကြုံဖလှယ်ရေး အစီအစဉ်များကို ဆက်လက်ဆောင်ရွက်သွားသင့်**

## ဒေါ်နယ်လ်ထရမ့် သမ္မတအာဏာရယူပြီးနောက် ရွေးကောက်ပွဲကတိများ အကောင်အထည်ဖော်မည်



**ဝါရှင်တန် နိုဝင်ဘာ ၇**

၂၀၂၄ ခုနှစ် အမေရိကန် သမ္မတရွေးကောက်ပွဲတွင် ပြိုင်ဘက်ဒီမိုကရက်တစ်သမ္မတလောင်း ကာမာလာဟဲရစ်ကို ဒေါ်နယ်လ်ထရမ့် အနိုင်ရပြီးနောက် အစိုးရအဖွဲ့ဝင်များ ရွေးချယ်ခန့်ထားရန်အထိ ပြင်ဆင်နေပြီဖြစ်ကြောင်း ဖောက်စ်သတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်ပြည်ထောင်စု၏ ၄၇ ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် ဒေါ်နယ်လ်ထရမ့်အနေဖြင့် ရွေးကောက်ပွဲကတိများကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။

၎င်းအနေဖြင့် အမေရိကန်ဒေါ်လာ တန်ဖိုးမြင့်တက်လာအောင် စီးပွားရေးပြန်လည်ဦးမော့လာအောင် လုပ်ဆောင်မည်ဟု ကတိပြုခဲ့ရာ တရုတ်နိုင်ငံအပေါ်တွင်သာမက ဥရောပနိုင်ငံများအပေါ်တွင်လည်း ကုန်သွယ်ရေးအခွန်စည်းကြပ်ရေးမူဝါဒများ ပြောင်းလဲကျင့်သုံးသွားလိမ့်မည်ဟု မျှော်မှန်းထားကြသည်။

ထို့ပြင် မက္ကဆီကိုနယ်စပ်မှ တရားမဝင်ဖြတ်ကျော်ဝင်ရောက်နေသော နိုင်ငံကူးပြောင်းသူများအရေးကိစ္စနှင့်ပတ်သက်၍လည်း ထရမ့်အနေဖြင့် တင်းကျပ်စွာ ထိန်းချုပ်လိမ့်မည်ဟု ယုံကြည်နေကြသည်။

ယူကရိန်းအရေး၊ ဂါဇာကမ်းမြောင်နှင့် လက်ဘနွန်အရေးကိစ္စများကိုလည်း ပြီးဆုံးပြေလည်မှုရရန် ၎င်းဆောင်ရွက်သွားနိုင်ဖွယ်ရှိသည်ဟုလည်း လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။ **Mon**






## နိုဝင်ဘာလအတွင်း ထရမ့်နှင့်တွေ့ဆုံခွင့်ရရန် ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ ကမ်းလှမ်းထား

**တိုကျို နိုဝင်ဘာ ၇**

အမေရိကန်သမ္မတရွေးကောက်ပွဲနိုင်ထားသည့် ဒေါ်နယ်လ်ထရမ့်နှင့် နိုဝင်ဘာလအတွင်း တွေ့ဆုံခွင့်ရရန် ဂျပန်ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘ ကမ်းလှမ်းထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေါ်နယ်လ်ထရမ့်နှင့် နိုဝင်ဘာ ၇ ရက် နံနက်ပိုင်းတွင် တယ်လီဖုန်းဖြင့် ဆက်သွယ်ပြောကြားကာ အမေရိကန်ပြည်ထောင်စုသို့လာရောက်ပြီး တွေ့ဆုံလိုသဖြင့် စီစဉ်ပေးရန် ကမ်းလှမ်းပြောဆိုခဲ့ကြောင်း ဝန်ကြီးချုပ် ရှိဂေးရုအိရှိဘက ထုတ်ဖော်ပြောကြားသည်။

ကွယ်လွန်သူ ဂျပန်ဝန်ကြီးချုပ်ဟောင်း ရှင်ဇိုအာဘေးသည် ဒေါ်နယ်လ်ထရမ့် ၂၀၁၆ ခုနှစ် ရွေးကောက်ပွဲနိုင်ပြီးနောက် ပထမဆုံးတွေ့ဆုံခဲ့သော နိုင်ငံခြားခေါင်းဆောင်ဖြစ်ခဲ့ကြောင်း သိရသည်။ **Mon**

## ဝန်ကြီးချုပ် ရှုလ်ဇ် ဘဏ္ဍာရေးဝန်ကြီးကိုထုတ်ပြီးနောက် ဂျာမနီနိုင်ငံ၏ညွန့်ပေါင်းအစိုးရ ပြိုလဲသွားပြီဟု ဆို



**ဘာလင် နိုဝင်ဘာ ၇**

ဝန်ကြီးချုပ် အိုလတ်ဖ်ရှုလ်ဇ်က ဘဏ္ဍာရေးဝန်ကြီး ခရစ်စယန်လင်ဒါကို ရာထူးမှထုတ်ပယ်ပြီးနောက် ဂျာမနီနိုင်ငံ၏ညွန့်ပေါင်းအစိုးရ ပြိုလဲသွားပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ခရစ်စယန်လင်ဒါကို မိမိယုံစားမိခဲ့သော်လည်း ဘဏ္ဍာရေးပိုင်းတွင် ပါတီစွဲကိုအခြေခံပြီးလုပ်ဆောင်ခဲ့သဖြင့် ထိုသို့ထုတ်ပယ်လိုက်ခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်ရှုလ်ဇ်က ရှင်းလင်းပြောကြားသည်။

အစိုးရအသုံးစရိတ်ကိုလျှော့ချရန် ဝန်ကြီးချုပ်က ညွှန်ကြားထားသည်ကို ငြင်းဆန်မိခဲ့ရာမှ မိမိရာထူးမှထုတ်ပယ်ခံရခြင်းဖြစ်သည်ဟု ခရစ်စယန်လင်ဒါက သတင်းထောက်များကို ထုတ်ဖော်ပြောကြားသည်။

အခြား အစိုးရအဖွဲ့ဝင်ဝန်ကြီးအချို့လည်း မိမိတို့သဘောအလျောက် နုတ်ထွက်သွားကြရာမှ ညွန့်ပေါင်းအစိုးရပြိုလဲသွားခြင်း ဖြစ်သည်။

ထိုသို့ပြိုလဲသွားခြင်းသည် ဂျာမနီနိုင်ငံအတွက်သာမက ဥရောပတိုက်တစ်တိုက်လုံးအတွက် ကောင်းသောအလားအလာမဟုတ်ကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး အန်နာလီနာဘာဘော့က မှတ်ချက်ချခဲ့ကြောင်း သိရသည်။ **Mon**

## နာမည်ကျော်လမ်းဘေးပန်းချီဆရာ ဘန့်ဆီ၏လက်ရာများ စင်ကာပူနိုင်ငံတွင် တစ်စုတစ်စည်းတည်း ရှုစားခွင့်ရမည်

**စင်ကာပူ နိုဝင်ဘာ ၇**

ဗြိတိန်နိုင်ငံ၌ မည်သူမည်ဝါမသိရဘဲ နာမည်ကျော်ကြားနေသည့် လမ်းဘေးပန်းချီဆရာ ဘန့်ဆီ၏လက်ရာများ စင်ကာပူနိုင်ငံတွင် တစ်စုတစ်စည်းတည်း ရှုစားခွင့်ရတော့မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဘန့်ဆီ၏ အနုပညာအကန့်အသတ်မဲ့ဟု အမည်ပေးထားသော အဆိုပါပန်းချီပြပွဲကို စင်ကာပူနိုင်ငံ ရှိုင်ယယ်ပလာဇာ ပထမထပ် ခန်းမဆောင်တွင် လာမည့် ဒီဇင်ဘာလအတွင်း လက်ခံပြသမည် ဖြစ်သည်။

ဗြိတိန်နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် လက်ရှိကြုံတွေ့နေရသော အခြေအနေအရပ်ရပ်ကို ထင်ဟပ်ကာ အများမြင်သာသော လမ်းဘေးတစ်နေရာရာတွင် ဘန့်ဆီ ရေးဆွဲထားသည့် လက်ရာပေါင်း ၁၇၀ ကျော်ကို ယင်းပြပွဲ၌ ရှုစားခွင့်ရမည်ဟုဆိုသည်။

နိုဝင်ဘာ ၁၃ ရက်တွင် ပြပွဲလက်မှတ်များကို စတင်ရောင်းပေးမည်ဖြစ်ရာ လူကြီးတစ်ဦးလျှင် ၂၇ စင်ကာပူဒေါ်လာ၊ ကလေးတစ်ဦးလျှင် ၁၇ စင်ကာပူဒေါ်လာ ကျသင့်မည်ဖြစ်ကြောင်း သိရသည်။ **Mon**





## လက်ဘနွန်နိုင်ငံအရှေ့ပိုင်းရှိ ဒေသများကို အစ္စရေးက လေကြောင်းမှ အင်အားသုံးတိုက်ခိုက်

**ဘေရွတ် နိုဝင်ဘာ ၇**

လက်ဘနွန်နိုင်ငံအရှေ့ပိုင်းရှိ ဒေသများကို နိုဝင်ဘာ ၆ ရက်တွင် အစ္စရေးက လေကြောင်းမှ အင်အားသုံးတိုက်ခိုက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဟစ်ဇဘိုလာပြောက်ကျားများ အခြေစိုက်နေသော ဘာလ်ဘက်ခ်နှင့် ဘေကားဒေသများကို အစ္စရေးဘက်က ပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ လူ ၄၀ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း လက်ဘနွန်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုသည်။

ဘေရွတ်မြို့တော်၏တောင်ဘက် ဆင်ခြေဖုံးရပ်ကွက်များကိုလည်း အစ္စရေးက တစ်ပြိုင်တည်းတိုက်ခိုက်ခဲ့ကြောင်း သိရသည်။ **Mon**

အေဂျီယန်ပင်လယ်အရှေ့ပိုင်းတွင် မျောလာသော နိုင်ငံကူးပြောင်းလာသူများ၏ တရားမဝင်လှေကို ကယ်ဆယ်ရန် ဂရိဆိပ်ကမ်းအာဏာပိုင်ကယ်ဆယ်ရေးမော်တော်များ နိုဝင်ဘာ ၆ ရက်က ချဉ်းကပ်လာကြစဉ်။ **Mon**



## တစ်ကျော့ပြန်သုံးစွဲရေးနည်းပညာဖြင့် ဖြေရှင်းသည့်တိုင် အိန္ဒိယနိုင်ငံ၌ ပလတ်စတစ်အမှိုက်များ စုပုံနေဆဲ

**ဒေလီ နိုဝင်ဘာ ၇**

တစ်ကျော့ပြန်သုံးစွဲရေးနည်းပညာဖြင့် ဖြေရှင်းသည့်တိုင် အိန္ဒိယနိုင်ငံ၌ ပလတ်စတစ်အမှိုက်များ စုပုံနေဆဲဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံမှ နှစ်စဉ် ပလတ်စတစ်အမှိုက်တန်ချိန်ပေါင်း ၉ ဒသမ ၃ သန်း ထွက်ရှိလျက်ရှိရာ နိုင်ဂျီးရီးယား၊ တရုတ်နှင့် အင်ဒိုနီးရှား သုံးနိုင်ငံမှ ပလတ်စတစ်အမှိုက်များ၏ စုစုပေါင်းပမာဏနှင့်ညီမျှကြောင်း တွက်ချက်သိရှိထားသည်။

တစ်စထက်တစ်စ ကြီးမားလာနေသော ပလတ်စတစ်အမှိုက်ပြဿနာကို ရင်ဆိုင်ဖြေရှင်းသောနည်းလမ်းမှာ တစ်ကျော့ပြန်အသုံးပြုခြင်းပင်ဖြစ်သည်ဟု ခံယူကာ မွမ်ဘိုင်းမြို့တွင်အခြေစိုက်သော တစ်ကျော့ပြန်ကုမ္ပဏီက ပလတ်စတစ်အမှိုက်များကို လက်ခံဝယ်ယူကာ ပလတ်စတစ်ထုတ်ကုန်ပစ္စည်းကုန်ချောများ ထုတ်ပေးလျက်ရှိသည်။



စင်စစ်တွင် အိန္ဒိယနိုင်ငံ၌ စွန့်ပစ်ပလတ်စတစ်အမှိုက်များ၏ သုံးပုံတစ်ပုံကိုသာ တစ်ကျော့ပြန်အသုံးပြုနိုင်လျက်ရှိသဖြင့် ပြဿနာဖြေရှင်းရန် ခက်ခဲနေဆဲဖြစ်ကြောင်း သိရသည်။ **Mon**





# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတစ်ဝန်း တန်ဆောင်တိုင်ပွဲတော်များစီစဉ်ကျင်းပ၍ ပျော်ရွှင်စွာ ဆင်နွှဲမှုနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း၌လည်း ယခင်နှစ်ကဲ့သို့မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ၊ ဝတ်ရွတ်အသင်းအဖွဲ့များက အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ မီးပုံးပျံကြီးများ ယှဉ်ပြိုင်လွှတ်တင်ပူဇော်ပွဲနှင့် မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်မှု၊ ဗုဒ္ဓဥယျာဉ် ဝတ္တုကံတော်အတွင်း ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်မှု၊ LED မီးများဖြင့် အလှဆင်ပူဇော်မှုများ စီစဉ်ကျင်းပမည့်အပြင် ဓာတ်သဘင်ပွဲထည့်သွင်းပြီး ကပြဖျော်ဖြေတင်ဆက်မှုများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပမည်ဖြစ်သည်။

ထို့ပြင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း (MSME)များ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာအစားအစာ အရောင်းဆိုင်များ ထည့်သွင်းခင်းကျင်းပြသ၊ ရောင်းချကြမည်ဖြစ်ကြောင်း၊ ဓာတ်သဘင်ဖျော်ဖြေတင်ဆက်မှုတွင် မြန်မာနိုင်ငံသဘင်အစည်းအရုံး၏ စီစဉ်မှုဖြင့် ဓာတ်မင်းသား ဖိုးချစ်တို့အဖွဲ့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ညစဉ် ကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာညီလာခံ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၇

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီအန်းမြို့၌ကျင်းပသည့် တတိယအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာ ညီလာခံသို့ တက်ရောက်ပြီး နဝမအကြိမ်မြောက် ကမ္ဘာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုန်စည်ပြပွဲသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။




ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက ယခုကျင်းပသည့် အခမ်းအနားသို့ အရှေ့အလယ်ပိုင်းဒေသနှင့် အာဖရိကဒေသများမှ နိုင်ငံများ၊ အရှေ့တောင်အာရှမှ မြန်မာနိုင်ငံကို အဓိကထားဖိတ်ကြားထားသည်ကို တွေ့မြင်ရပါကြောင်း၊ မိမိတို့နိုင်ငံတွင် အလားအလာကောင်းသော ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံကိန်းများရှိပြီး တည်ဆောက်ပြီးဖြစ်သည့် ပိုက်လိုင်း Infrastructure များလည်း ရှိပါကြောင်း၊ ရေနံချက်စက်ရုံနှင့် ဓာတ်မြေသြဇာစက်ရုံများလည်း အဆင့်မြှင့်တင်ရန်နှင့် ထပ်မံတည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ကမ္ဘာ့ဘဏ်က ဖြစ်နိုင်ခြေဆန်းစစ်အတည်ပြုထားပြီးဖြစ်သည့် ရေနံဆိပ်ကမ်းများနှင့် LNG Terminal တည်ဆောက်ရန် နေရာကောင်းများလည်း ရှိပါကြောင်း၊ ယင်းအခြေခံကောင်းများကို သိရှိစေလိုပြီး လာရောက်ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများစွာ ရှိနေပါကြောင်း ပြောကြားသည်။

### ဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ညီလာခံ ဆွေးနွေးမှုများ၌ ပါဝင်ဆွေးနွေးရာတွင် **"အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကဒေသနှင့် တရုတ်နိုင်ငံတို့အကြား ပေါင်းကူးဆက်သွယ်ပေးနိုင်မည့် ပထဝီအနေအထားအရ အချက်အချာကျသည့် မြန်မာနိုင်ငံမှတစ်ဆင့် စီးပွားရေးအခွင့်အလမ်းတစ်ခုအား ဖန်တီးတည်ဆောက်ကြပါစို့ (Let's Build a Bridge Between Middle-East, Africa & China)"** ဟူသော ခေါင်းစဉ်ဖြင့် ဆွေးနွေးသည်။

ညီလာခံအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နဝမအကြိမ်မြောက်ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ကုန်စည်ပြပွဲကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။ **သတင်းစဉ်**

# တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်ရေးကော်မတီအောက်ရှိ သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၇

တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေး ကော်မတီအောက်ရှိ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ ပဉ္စမအကြိမ်မြောက်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon Hotel ၌ ကျင်းပသည်။

အစည်းအဝေးသို့ တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေးကော်မတီ သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုပ်ငန်းအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Xing Xing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအောက်မှ အဓိကစီမံကိန်းကြီးများနှင့် အခြားစီမံကိန်းများ အကောင်အထည်ဖော်ရေး၊ တရုတ် - မြန်မာနှစ်နိုင်ငံ ရေကြောင်းပညာနှင့် လေ့ကျင့်ရေး ပူးပေါင်းဆောင်ရွက်ရေး၊ လူ့စွမ်းအား အရင်းအမြစ်နှင့် စွမ်းရည်မြှင့်တင်ရေး အတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက်အစည်းအဝေးတက်ရောက်ကြသည့် တရုတ်နိုင်ငံကိုယ်စားလှယ်များသည် ရန်ကုန်ဆိပ်ကမ်းသီလဝါရှိ နိုင်ငံတကာ ဆိပ်ကမ်းတံတားများသို့ သွားရောက်လေ့လာကြကြောင်း သိရသည်။

### အလှည့်ကျကျင်းပ

တရုတ် - မြန်မာ စီးပွားရေးစင်္ကြံ အကောင်အထည်ဖော်ရေး ကော်မတီကို ၂၀၁၈ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အဆိုပါကော်မတီအောက်ရှိ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့ ၁၂ ဖွဲ့တွင် ပါဝင်သောသယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့၏ အစည်းအဝေးများကို ၂၀၁၉ ခုနှစ်မှစ၍ တစ်နှစ်လျှင်တစ်ကြိမ် အလှည့်ကျကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်နှင့်အဖွဲ့ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနား တက်ရောက်



ဘားအံ နိုဝင်ဘာ ၇

ကရင်တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်ဖြစ်သော (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေး အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ရန်ကုန်၊ မွန်၊ တနင်္သာရီတို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသား လက်နက်ကိုင် ငြိမ်းချမ်းရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြု၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံမှပေးပို့သည့် ၂၀၂၄ ခုနှစ် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်က ဖတ်ကြားပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ခွန်စံလွင်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ကရင်ပြည်နယ် နယ်ခြားစောင့်တပ် ဗဟိုအကြံပေးနှင့် ကွပ်ကဲရေးအဖွဲ့ (BGF) အထွေထွေအတွင်းရေးမှူး စောချစ်သူ၊ ကရင်အမျိုးသား အစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)KNU/KNLA(PC)ဒုတိယဥက္ကဋ္ဌ ဒေါက်တာ နော်ကပေါ်ထူး၊ ဒီမိုကရေစီ အကျိုးပြုကရင်တပ်မတော်(DKBA) မှ စောစိန်ဝင်း၊ ကရင်ပြည်နယ် ဝန်ကြီးချုပ်(ငြိမ်း) ဦးဇော်မင်းနှင့် မြို့မိမြို့ဖ ဦးစောဖိုးနီတို့က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့် ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်က (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး၍ ငြိမ်းချမ်းရေး ချိုးဖြူငှက် ၆၉ ကောင်ကို လွှတ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် အဖွဲ့သည် ဌာနဆိုင်ရာ ပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန် အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလက်မှုထုတ်ကုန်ပြခန်းများအား လှည့်လည် ကြည့်ရှုအားပေးကြပြီး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ၊ ပန်းမန်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ပြခန်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် တာဝန်ရှိသူများက သီးနှံအမျိုးအစားပေါင်း ၄၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့်အနက်မှ ပထမဆုရရှိသည့် သီးနှံများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ရိုးရာလှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး အမျိုးသား/အမျိုးသမီး ငါးတက်လှော်ပြိုင်ပွဲ၊ ခုနစ်တက်လှော်ပြိုင်ပွဲနှင့် တက် ၂၀ နဂါးလှေလှော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

မွန်းလွဲပိုင်းတွင် (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ် ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းသည့် အခမ်းအနားကို ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက စီမံခန့်ခွဲရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ပညာရေး၊စက်မှုနှင့်နည်းပညာ၊ မွေးမြူရေး၊အမျိုးဘာသာသာသနာ အစရှိသည့် ကဏ္ဍများအတွက် ဂုဏ်ထူးဆောင်ဆုပေါင်း ၇၅ ဆုကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နိုဝင်ဘာ ၆ ရက် ညပိုင်းက ဘားအံမြို့ သီရိကွင်း၌ (၆၉)နှစ်မြောက် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဒုံးအကပြိုင်ပွဲ ဒုတိယနေ့အဖြစ် ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအဖွဲ့ ၁၀ ဖွဲ့၏ မြူးကြွသွက်လက် မြိုင်ဆိုင်စွာ ယှဉ်ပြိုင်ကပြ ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးမြို့၌ ပြည်သူ့စစ်မှုထမ်းအတွက် ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ်သိန်းဆယ်နှင့်ချိုပေးနေရကြောင်း သတင်းတု၊ သတင်းမှားများ လွှံ့ဆော်ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုင်ငံဝင်ဘာ ၇

မန္တလေးမြို့တွင် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၇)အတွက် လူသစ်ထပ်ခေါ်ခြင်းနှင့် လမ်းမပေါ်၌ ဖမ်းဆီးခြင်းများရှိနေပြီး အမည်စာရင်းပါသူများက ငွေကျပ်သိန်းဆယ်နှင့်ချိုပေးနေရကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးမြို့မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးပူးပေါင်းအဖွဲ့များက မန္တလေးမြို့အတွင်း ပြည်သူများ အေးချမ်းစွာ လုပ်ကိုင်နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေလုံခြုံရေးဆိုင်ရာ လုပ်ငန်းများကို ထုတ်ပြန်ထားပြီး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းများကြောင့် အကြမ်းဖက်သမားများ လွယ်ကူစွာဝင်ထွက်သွားလာနိုင်ခြင်း မရှိသဖြင့် အကြမ်းဖက်အားပေး တရားမဝင်ပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ အခြေအမြစ်မရှိသည့် သတင်းဓာတ်ပုံများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် လုပ်ကြံ ရေးသားနေခြင်း ဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများသည် ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ပြည်သူ့စစ်မှုထမ်းဆောင်ရန် အကျုံးဝင်သည့် ပြည်သူများကို ဖမ်းဆီးခြင်း၊ လမ်းသွားလမ်းလာများကို ပေါ်တာဆွဲခြင်းနှင့် ငွေကြေးများကောက်ခံခြင်း စသည့် သတင်းတု၊ သတင်းမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် နိုဝင်ဘာ ၇

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် သွားရောက်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မမေသက်ကြီန်အောင်အား အမိနိုင်ငံသို့ အမြန်ဆုံး ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် အလုပ်ရှင်၊ အေးဂျင့်များ၊ အလုပ်အကိုင်ရှာဖွေရေးစင်တာများနှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မမေသက်ကြီန်အောင်သည် နိုဝင်ဘာ ၆ ရက်တွင် ဒူဘိုင်း - ချန်ဒူး - ဗန်ကောက် - ရန်ကုန်ခရီးစဉ်ဖြင့် ယနေ့ည ၉ နာရီ ၃၅ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။




နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**






## အာဆင်နယ်အသင်းအား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိဟု အင်ဇာဂီပြောကြား

**မီလန် နိုဝင်ဘာ ၇**

ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းက အာဆင်နယ်အသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်အပြီးတွင် နည်းပြ အင်ဇာဂီက ယခုပွဲစဉ်အား အနိုင်ရရှိခဲ့သည့်အတွက် အလွန်ကျေနပ်မိကြောင်း၊ အသင်းသားများ၏ ခြေစွမ်းအား ချီးကျူးကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ အင်တာမီလန်အသင်းအတွက် သွင်းဂိုးတစ်ဂိုးကို ပွဲချိန် (၄၅+၃) မိနစ်တွင် ချာဟာနိုဂလူးက သွင်းယူပေးခဲ့သည်။

အင်တာမီလန်အသင်းနည်းပြ အင်ဇာဂီက "ယခုပွဲစဉ်မှာ အာဆင်နယ်အသင်းအား အနိုင်ရရှိခဲ့လို့ အလွန်ကျေနပ်မိပါတယ်။ နောက်ထပ်လာမည့်ပွဲစဉ်တိုင်းမှာလည်း ယခုလို နိုင်ပွဲတွေ ဆက်လက်ရယူနိုင်ဖို့ ကြိုးစားသွားမှာပါ။ အသင်းသားတွေရဲ့ ခြေစွမ်းကလည်း အားရကျေနပ်စရာကောင်းပါတယ်"ဟု ပြောသည်။

အင်တာမီလန်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ပုံစံသစ်ဖြင့်ကျင်းပသည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲစဉ် ၄ ပွဲ ကစားပြီး ရမှတ် ၁၀မှတ်ဖြင့် အဆင့် ၅ နေရာတွင် ရပ်တည်ခဲ့သည်။

**(အပေါ်ဝဲပုံ)(NGB)**

## နေမာအား စာချုပ်ဖျက်သိမ်းရန် အယ်လ်ဟီလာအသင်း စီစဉ်

**လန်ဒန် နိုဝင်ဘာ ၇**



ဆော်ဒီကလပ် အယ်လ်ဟီလာအသင်းသည် အသင်းတိုက်စစ်မှူးနေမာအား စာချုပ်ဖျက်သိမ်းရန် စီစဉ်လျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါတိုက်စစ်မှူးသည် အယ်လ်ဟီလာအသင်းသို့ ၂၀၂၃ ခုနှစ် ရောက်ရှိချိန်ကတည်းက ဒဏ်ရာပြဿနာများနှင့် ဆက်တိုက်ရင်ဆိုင်ခဲ့ရပြီး အသင်းအတွက် ပုံမှန်ပွဲမကစားနိုင်ပဲ တောက်လျှောက် အနားယူနေခဲ့ရသည်။

တိုက်စစ်မှူး နေမာသည် အယ်လ်ဟီလာအသင်းတွင် တစ်ပတ်လုပ်ခ စတာလင်ပေါင် ၂ ဒသမ ၅ သန်းရရှိနေပြီး လက်ရှိစာချုပ်သက်တမ်းသည်လည်း ၆ လသာ ကျန်ရှိနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်း ဖျက်သိမ်းရန် စီစဉ်လာခြင်း ဖြစ်သည်။

ထို့ကြောင့် အယ်လ်ဟီလာအသင်းအနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း တိုက်စစ်မှူးနေမာနှင့် စာချုပ်ဖျက်သိမ်းသွားမည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ပုံ)(NGB)**

## အာမက်ဒီယာလိုအား စာချုပ်သက်တမ်းတိုးရန် မန်ချက်စတာယူနိုက်တက်အသင်း အလျင်အမြန်စီစဉ်



**မန်ချက်စတာ နိုဝင်ဘာ ၇**

မန်ချက်စတာယူနိုက်တက်အသင်းသည် အသင်းတောင်ပံကစားသမား အာမက်ဒီယာလိုအား စာချုပ်သက်တမ်းတိုးရန် အလျင်အမြန်စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ တောင်ပံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

တောင်ပံကစားသမား အာမက်ဒီယာလိုသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၁၄ ပွဲကစားပြီး ၁ ဂိုး သွင်းယူထားသည်။ **(အပေါ်ဝဲပုံ)**

မန်ချက်စတာယူနိုက်တက်အသင်းထုတ်ပြန်ချက်တွင် "အာမက်ဒီယာလိုအား စာချုပ်သက်တမ်းတိုးဖို့ စီစဉ်နေပါတယ်။ သူဟာ အသင်းအတွက် ကစားသမားကောင်း တစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(NGB)**

## 2024 Belgrade Open ကွာတားဖိုင်နယ်အဆင့်သို့ laslo djere တက်ရောက်

**လန်ဒန် နိုဝင်ဘာ ၇**

ဆားဘီးယားနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Belgrade Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အိမ်ရှင်ဆားဘီးယားတင်းနစ် ကစားသမား laslo djere တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင်ဆားဘီးယားတင်းနစ်ကစားသမား laslo djereသည် 2024 Belgrade Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ခရိုအေးရှားတင်းနစ်ကစားသမား duje ajdukovic အား ၆-၁၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2024 Belgrade Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အိမ်ရှင်ဆားဘီးယားတင်းနစ်ကစားသမား laslo djere နှင့် ဟန်ဂေရီတင်းနစ်ကစားသမား fabian marozsan တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **(ယာပုံ)**

**(NGB)**

## ရိုဒရီဂိုအား ယူရို သန်း ၁၅၀ ဖြင့် မန်ချက်စတာစီးတီးအသင်း ကမ်းလှမ်း



**မက်ဒရစ် နိုဝင်ဘာ ၇**

မန်ချက်စတာစီးတီးအသင်းသည် တိုက်စစ်မှူး ရိုဒရီဂိုအား ယူရို သန်း ၁၅၀ ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၃၀ပွဲကစားပြီး ၅၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာစီးတီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။ **(အပေါ်ဝဲပုံ)**



တိုက်စစ်မှူး ရိုဒရီဂိုကိုယ်တိုင်ကလည်း ပရီးမီးယားလိဂ်သို့ လာရောက်ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် မန်ချက်စတာစီးတီးအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ရီးရဲလ်မက်ဒရစ်အသင်းထံမှ ရိုဒရီဂိုအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။ **(NGB)**

## နည်းပြ အန်းနရစ် ပီအက်စ်ဂျီအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**ပါရီ နိုဝင်ဘာ ၇**

ပီအက်စ်ဂျီအသင်းသည် အသင်းနည်းပြ အန်းနရစ်အား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ပီအက်စ်ဂျီအသင်းသည် ယခုနှစ်ဘောလုံးရာသီ ဥရောပချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ(အမှတ်ပေး လိဂ်အဆင့်)ပွဲစဉ် ၄ ပွဲကစားအပြီးတွင် ရမှတ် ၄ မှတ်သာ ရရှိထားသေးပြီး အဆင့်(၂၅)နေရာတွင် ရပ်တည်ပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် နည်းပြအန်းနရစ်အား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။

နည်းပြအန်းနရစ်သည် ပီအက်စ်ဂျီအသင်းအား ၂၀၂၃ ခုနှစ် ဇူလိုင်လက စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၆၇ ပွဲတွင် ၄၃ ပွဲနိုင်၊ ၁၅ ပွဲ သရေ၊ ၉ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

ထို့ကြောင့် နည်းပြအန်းနရစ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ပီအက်စ်ဂျီအသင်းနည်းပြရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

**(အောက်ပုံ)(NGB)**



### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်သည် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၉-၁၁-၂၀၂၄ နံနက်၀၂း၃၀နာရီ | (၉)ဗယ်လယ်ကာနို - လာ့ပါးမက်စ်(၁၈) (D,D,W,L,W) (L,L,W,W,L) | ဗယ်လယ်ကာနို ၀-၂ လာ့ပါးမက်စ် | ဗယ်လယ်ကာနို(အိမ်) | ၅ | ၂ | ၂ | ၁ | ၇ | ၅ |
| | | လာ့ပါးမက်စ် ၀-၁ ဗယ်လယ်ကာနို | လာ့ပါးမက်စ်(ဧည့်) | ၆ | ၁ | - | ၅ | ၆ | ၁၃ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၂)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်သည် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၉-၁၁-၂၀၂၄ နံနက်၀၂း၄၅နာရီ | (၂၀)လက်ချီ - အမ်ပိုလီ(၁၁) (L,L,L,W,L) (L,L,D,L,W) | လက်ချီ ၁-၀ အမ်ပိုလီ | လက်ချီ(အိမ်) | ၅ | ၂ | ၁ | ၂ | ၄ | ၁၂ |
| | | အမ်ပိုလီ ၁-၁ လက်ချီ | အမ်ပိုလီ(ဧည့်) | ၅ | ၂ | ၂ | ၁ | ၇ | ၅ |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်သည် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၉-၁၁-၂၀၂၄ နံနက်၀၂း၀၀နာရီ | (၇)ယူနီယံဘာလင် - ဖရိုင်ဘတ်(၆) (L,W,W,D,L) (L,W,W,L,D) | ယူနီယံဘာလင် ၂-၁ ဖရိုင်ဘတ် | ယူနီယံဘာလင်(အိမ်) | ၄ | ၃ | ၁ | - | ၆ | ၃ |
| | | ဖရိုင်ဘတ် ၀-၂ ယူနီယံဘာလင် | ဖရိုင်ဘတ်(ဧည့်) | ၄ | ၂ | - | ၂ | ၅ | ၅ |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်သည် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၉-၁၁-၂၀၂၄ နံနက်၀၂း၄၅နာရီ | (၂)မာဆေး - အော်ဇေး(၁၆) (L,D,W,L,W) (W,L,W,D,W) | မာဆေး ၂-၁ အော်ဇေး | မာဆေး(အိမ်) | ၄ | ၁ | ၂ | ၁ | ၅ | ၆ |
| | | အော်ဇေး ၀-၂ မာဆေး | အော်ဇေး(ဧည့်) | ၅ | - | ၁ | ၄ | ၆ | ၁၃ |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်သည် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၉-၁၁-၂၀၂၄ နံနက်၀၂း၃၀နာရီ | (၆)ဝက်စ်ဘွန် - အောက်စ်ဖို့ဒ်(၁၆) (L,L,W,W,L) (D,D,L,L,W) | ဝက်စ်ဘွန် ၂-၀ အောက်စ်ဖို့ဒ် | ဝက်စ်ဘွန်(အိမ်) | ၆ | ၅ | ၁ | - | ၁၁ | ၄ |
| | | အောက်စ်ဖို့ဒ် ၀-၀ ဝက်စ်ဘွန် | အောက်စ်ဖို့ဒ်(ဧည့်) | ၆ | - | ၂ | ၄ | ၇ | ၁၂ |

# ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တော်ခန်းမတွင် ကျင်းပ

**မန္တလေး နိုဝင်ဘာ ၇**

ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၇၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကား ပြောကြားရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံရသည့်ဌာနဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြားဦးစီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးရသည့်ဌာနဖြစ်ပါကြောင်း၊ နိုင်ငံတော်က ပေးအပ်သည့်တာဝန်များကို အချိန်နှင့်တစ်ပြေးညီ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြင့် အရှိန်မြှင့် အကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံအတွက် ပြည်သူအတွက် ဝန်ထမ်းကောင်းများဖြစ်အောင် နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာပြီး စေတနာ၊ အနစ်နာ၊ ဝါသနာတို့ဖြင့် စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး အထွေအထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးတို့က တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် ဝတ်စုံများကို သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများထံသို့လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်၊ အောက်မြန်မာပြည်)တို့တွင် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေး သင်တန်းအမှတ်စဉ်(၇)နှင့် (၈)တို့၌ စစ်ရေးပြ ထူးချွန်ဆုရရှိသူများ၊ စာရေးဝန်ထမ်းကြီးကြပ် သင်တန်းအမှတ်စဉ်(၂၄)နှင့် စီမံ(၁)လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ်(၁/၂၀၂၄)တို့၌ ဆုရရှိခဲ့သည့် သင်တန်းသားများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီးနောက် တက်ရောက်လာသူများအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းဖြစ်စဉ်အား Video Clip ဖြင့် ပြသခဲ့ကြောင်းနှင့် ဝန်ထမ်းများအား ဗလာမပါဆုမဲများကို ကံစမ်းမဲဖောက်၍ ချီးမြှင့်ပေးခြင်းအစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**
















■ စာမျက်နှာ ၅ မှ

ယခုထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၏ အကြံပြုချက်များသည် အနာဂတ်တွင် ပိုမိုကြံ့ခိုင်၍ ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့မှုရှိသည့် ဂျီအမ်အက်စ် အသိုက်အဝန်းတစ်ရပ် ဖြစ်ပေါ်လာရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက သတ္တမအကြိမ် ဂျီအမ်အက်စ် ထိပ်သီးအစည်းအဝေးနောက်ပိုင်း ရရှိခဲ့သည့် ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို နိုင်ငံ့ခေါင်းဆောင်များထံ အစီရင်ခံတင်ပြသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးစင်္ကြံ ပြည်နယ်/တိုင်းအဆင့်ခေါင်းဆောင်များဖိုရမ် အစီရင်ခံစာကို ယူနန်အစိုးရအဖွဲ့မှ တာဝန်ရှိသူကလည်းကောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ အစည်းအဝေးရလဒ်ကို ဂျီအမ်အက်စ်အတွင်းရေးမှူးရုံးမှ တာဝန်ရှိသူကလည်းကောင်း တင်ပြကြပြီး ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်နှင့် ဂျီအမ်အက်စ်ဆန်းသစ်တီထွင်မှု မဟာဗျူဟာ ၂၀၃၀ ကို အတည်ပြုချမှတ်ပြီး အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ စစ်ဘက်၊ အရပ်ဘက်မှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion – GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ပြီး ဆယ်စုနှစ်သုံးခုကျော် အောင်မြင်စွာရပ်တည်လျက်ရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ် အစီအစဉ်အရ ထိပ်သီးအစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်၏ (၁၀)နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်မှစတင်၍ သုံးနှစ်လျှင် တစ်ကြိမ် မဟာမဲခေါင်ဒေသခွဲ ခြောက်နိုင်ငံမှ အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့ကြောင်း၊ ထိပ်သီးအစည်းအဝေးများတွင် အနာဂတ်ကာလ ဒေသခွဲဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များ ပြည့်မီအောင်မြင်စေရေးဆိုင်ရာ ကတိကဝတ်များပြုကြပြီး နိုင်ငံ့ခေါင်းဆောင်များ၏ အရေးပါသော ပူးတွဲကြေညာချက်ကို ထုတ်ပြန်လေ့ရှိရာ ယနေ့ကျင်းပသည့် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေးတွင် ဆန်းသစ်တီထွင်မှု မူဘောင်နှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက် စာတမ်းတို့ကို အတည်ပြု ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး၌ ဆီထွက်သီးနှံ နေကြာအပါအဝင် သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး ကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ထမုန်ကန်ကျေးရွာအုပ်စု မိုးစပါး နည်းပညာပေးစံပြစိုက်ကွင်း၌ ကျင်းပသည့် ဓာတ်မြေဩဇာကြဲပက်ပွဲသို့ တက်ရောက်လာကြသည့် တောင်သူများနှင့် ရင်းနှီးခင်မင်စွာတွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု အလားအလာကောင်းသော ဒေသများကို အားပေးထောက်ပံ့ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မျိုးစေ့ထုတ်လုပ်ငန်းရှင်များနှင့် တောင်သူများအကြား မျှတသည့်အကျိုးစီးပွားဖြစ်ထွန်းစေရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ရေရှည်တည်တံ့သော မျိုးစေ့ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး မိုးစပါးခင်းတွင် တောင်သူများ စုပေါင်း၍ ဓာတ်မြေဩဇာကြဲပက်မှုကို ကွင်းဆင်းကြည့်ရှုအားပေးကြသည်။



ထိုမှတစ်ဆင့် သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်သို့ ရောက်ရှိစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ညောင်ရမ်းကန်နှင့် မင်းလှကန်၏ ရေခြားကန်ပေါင် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းကို လာမည့် နွေစပါးရာသီစိုက်ပျိုးရေးပေးဝေပြီး ကန်ရေလျော့နည်းချိန်တွင် ဆောင်ရွက်ရန်နှင့် ဘဏ္ဍာငွေအလေအလွင့်မရှိဆောင်ရွက်နိုင်ရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ မိုးမြေပဲအထူးဇုန် ဧက ၁၀၀ စိုက်ကွင်းတွင် ဒေသခံမြေပဲစိုက် တောင်သူများနှင့်တွေ့ဆုံ၍ တောင်သူများ၏ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန စပါးသီးနှံသုတေသနဌာနခွဲ ကျောက်ဆည်စိုက်ပျိုးရေးသုတေသနခြံတွင် ဆောင်ရွက်လျက်ရှိသည့် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စပါးမျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် ကျောက်ဆည်မြို့ ဒွေးလှကျေးရွာ ဓမ္မာရုံ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ဆီထွက်သီးနှံ နေကြာအပါအဝင် သီးထပ်သီးနှံတိုးချဲ့စိုက်ပျိုးရေး၊ နေကြာစိုက်ပျိုးခြင်းအတွက် လိုအပ်သောနည်းပညာနှင့်အကူအညီများ ဆောင်ရွက်ပေးနိုင်ရေး၊ တောင်သူများ၏ လက်တွေ့လုပ်ငန်းခွင်အခက်အခဲများကို မေးမြန်းဆွေးနွေးပြီး သက်ဆိုင်ရာဌာနတာဝန်ရှိသူများက အနီးကပ်ကြပ်မတ်ကူညီပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

သတင်း-စာမျက်နှာ ၁၂







## တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံ ၂၅၈ ခု လွှတ်တင်မည်

**တောင်ကြီး နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အဝေရာမီးပုံးပျံကွင်းတွင် နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိပြုလုပ်မည့် တန်ဆောင်တိုင်ပွဲတော်တွင် မီးပုံးပျံပေါင်း ၂၅၈ ခု လွှတ်တင်မည်ဖြစ်ကြောင်း ရှမ်းပြည်နယ်(တောင်ပိုင်း) ရိုးရာမီးပုံးပျံပညာရှင်များအသင်းမှ သိရသည်။

အဆိုပါ မီးပုံးပျံပွဲတော်ကို ရိုးရာမပျက်ကျင်းပခဲ့ရာ ကိုဗစ်ကာလနောက်ပိုင်း ၃ နှစ်ကြာ ရပ်နားခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်မှစ၍ ပြန်လည်ကျင်းပခဲ့ရာ ယခုနှစ်တွင်လည်း ၇ ရက်တိုင်တိုင် ကျင်းပမည်ဖြစ်သည်။

"မီးပုံးပျံ(ယမ်းမီး)မှာ ထူးခြားမှုတွေ ပြသမယ်။ အရင်နှစ်တွေက မြင်တွေ့နေကျထက် ဒီနှစ်မှာ ဒီဇိုင်းအသစ်နဲ့ အလှအပတွေ မြင်တွေ့ရမှာပါ။ ဒါကြောင့် အရင်က လာရောက်တဲ့သူတွေ မြင်တွေ့နေကျထက် ပိုပြီးစိတ်ဝင်စားအောင် စီစဉ်ထားတာဖြစ်လို့ လာရောက်ကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ယင်းအသင်းမှ တာဝန်ရှိသူက ပြောသည်။

ပါဝင်မည့် မီးပုံးပျံအမျိုးအစားများမှာ ညမီးကြီး(ယမ်းမီး) မီးပုံးပျံ ၂၆ ခု၊ စိန်နားပန်မီးပုံးပျံ ၂၄ ခု၊ နေ့လွှတ် (ခြေနှစ်ချောင်း) ၁၄၇ ခု၊ နေ့လွှတ်(ခြေလေးချောင်း) ၃၈ ခု၊ အရုပ်အုပ်စု ၂၃ ခု၊ စုစုပေါင်း ၂၅၈ ခု လွှတ်တင်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားအလိုက် ဆုများချီးမြှင့်မည်ဖြစ်သည်။

တန်ဆောင်တိုင်ပွဲတော်တွင် ဒေသအစားအစာများနှင့် ဒေသထွက်ကုန်များရောင်းချနိုင်ခြင်းနှင့် ခရီးသွားကဏ္ဍမြှင့်တင်ခြင်းအတွက် အထောက်အကူဖြစ်စေရန်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး တောင်ကြီးမြို့ရှိ ဟိုတယ်၊ တည်းခိုခန်းများတွင် ပွဲတော်လာရောက်သူများကြောင့် အခန်းလွတ်မရှိ ဖြစ်နေသည် ဟု ဆိုသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၉)

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## တရုတ်ပို့ကုန်ပဲများ အဝယ်သွက်လာရာ ပဲတီစိမ်းအညာဈေး မြင့်တက်လာ



တရုတ်ပို့ကုန်ပဲများ အဝယ်သွက်လာပြီး ပဲတီစိမ်းအညာ ဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပဲတီစိမ်းအညာမှာ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ထိပေါက်ဈေးဖြစ်လာရာ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ ခန့် ယခင်သီတင်းပတ်ထက် ဈေးမြင့်တက်လာသည်။

တရုတ်နိုင်ငံမှ အဝယ်များသည့် ပဲတီစိမ်းနှင့် နှမ်းမျိုးစုံဈေးကွက် အဝယ်သွက်နေကြောင်း၊ ပဲတီစိမ်းအညာတစ်မျိုးသာ ဈေးမြင့်တက်လာသော်လည်း အခြားပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ပုံမှန်သာ အရောင်းအဝယ်ရှိနေကြောင်း၊ လက်ရှိ ပဲ၊ နှမ်း ဈေးကွက်သို့ မိုးမြေပဲနှင့် မိုးနှမ်းမျိုးစုံ ဒေသစုံ အဝင်ရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း ဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)ပိုင်ရှင်က ပြောသည်။

" ပို့ကုန်ပဲတွေ ဈေးနှုန်းအနည်းငယ် ကျဆင်းနေသလို ပြည်တွင်းသုံး ကုလားပဲအုပ်စုလည်း ဈေးငြိမ်နေပါတယ်။ မြေပဲဆန်ဈေးတွေကတော့ ပုံမှန်သာ အရောင်းအဝယ်ရှိနေတာပါ။ နှမ်းမျိုးစုံက အဝင်ကောင်းတော့ ဈေးအနည်းငယ် ပြန်ကျပေမယ့် အဝယ်ကတော့ သွက်နေပါတယ်။ တရုတ်ဝယ်လက်တွေ အဝယ်ကောင်းလာလို့ ပဲတီစိမ်းအညာဈေးတွေက မြင့်တက်လာပါတယ်။ပို့ကုန်ပဲတွေလည်း ဒေါ်လာဈေး အငြိမ်နဲ့အတူ ဈေးအနည်းငယ် ကျရိပ်ပြလာပါတယ် "ဟု ၎င်းက ပြောသည်။

နိုဝင်ဘာ ၆ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်နေရာ နိုဝင်ဘာ ၆ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ ကနေဒါ စားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၅၄၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀-၈၃၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများ အဝယ်ကောင်းသဖြင့် နိုဝင်ဘာ ၆ ရက်တွင် နှမ်းမျိုးစုံ အရောင်းအဝယ်ပြန်သွက်နေရာ နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၀၊ အက်စစ်လွှတ် တစ်အိတ်လျှင် ငွေကျပ် ၆၅၀၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀၊ နှမ်းဖြူ(ဗမာ) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း

*-*-*-*-*

*-*-*-*-*-*



## ဓာတ်မြေဩဇာ ရန်ကုန်အထိုင်ရည်ညွှန်းဈေး အမျိုးအစားအလိုက် ငွေကျပ် ၁၀၀၀၀ ထပ်မံမြင့်တက်လာ

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက ထပ်မံသတ်မှတ်လိုက်သည့် ဓာတ်မြေဩဇာ ရည်ညွှန်းဈေးများ အပြောင်းအလဲရှိပြီး ထပ်မံမြင့်လာကြောင်း ဖော်ပြထားသည့်ဈေးနှုန်းများအရ သိရသည်။

ကော်မတီအနေဖြင့် တောင်သူများအဓိကသုံးစွဲနေသည့် မြေဩဇာ အမျိုးအစား ၃ မျိုးကို ရည်ညွှန်းဈေး သတ်မှတ်ထုတ်ပြန်ပေးထားခြင်းဖြစ်ပြီး နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အဆိုပါ ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးရမည် ဖြစ်သည်။

ယူရီးယားမြေဩဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀၊ Rock Pho -sphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၂၄၀၀၀ နှင့် Di Ammo-nium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၁၃၇၀၀၀ သတ်မှတ်ထားသည်။

ယခင်ဈေးနှုန်းထက် ယူရီးယားမြေဩဇာ တစ်အိတ်လျှင် ငွေကျပ် ၁၀,၀၀၀ ဝန်းကျင် ထပ်မံမြင့်လာပြီး၊ Di Ammo-nium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၉၀၀၀ မြင့်လာခြင်း ဖြစ်သည်။

ယင်းဈေးနှုန်းများသည် ရန်ကုန်အထိုင်ဈေးနှုန်းများသာဖြစ်ပြီး သယ်ယူပို့ဆောင်စရိတ်အပေါ်မူတည်ပြီး ဒေသအလိုက် ဈေးနှုန်းအနည်းငယ်ပြောင်းလဲမှုရှိနိုင်ကြောင်း မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းက အသိပေး ထုတ်ပြန်ထားသည်။

ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဓာတ်မြေဩဇာတန်ချိန် ၁ ဒသမ ၆ သန်း တင်သွင်းရန် လျာထားပြီး ၂၀၂၄ ဘဏ္ဍာနှစ်အစမှ ဇူလိုင် ၂၂ ရက်အထိ ဓာတ်မြေဩဇာ တန်ချိန် ၄ ဒသမ ၃၄ သိန်း တင်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

## မန္တလေးဈေးကွက်အတွင်း မြေပဲဆန်များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းကောင်းများရရှိနေ

မန္တလေးဈေးကွက်အတွင်း ကျောက်ဆည်နှင့် စဉ့်ကိုင်ဒေသများရှိ မြေပဲဆန်များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးနှုန်းကောင်းရလျက်ရှိကြောင်း ကျောက်ဆည်မြို့နယ်ရှိ မြေပဲစိုက်ပျိုးသူများထံက သိရသည်။

ဈေးကွက်အတွင်းတွင် မြေပဲတောင့်တစ်ပိဿာလျှင် ယခင်နှစ်က ငွေကျပ် ၁၅၀၀-၁၆၀၀ ကျော်သာရရှိခဲ့ရာမှ ယခုနှစ်တွင် ငွေကျပ် ၃၃၀၀-၃၅၀၀ ကျော်၊ မြေပဲဆန် ယခင်နှစ် ငွေကျပ် ၂၅၀၀ ကျော်မှ ယခုနှစ်တွင် ငွေကျပ် ၅၈၀၀-၆၀၀၀မှ ငွေကျပ် ၈၀၀၀ အထိ ဈေးနှုန်းကောင်းရရှိလျက်ရှိသည်။


"မြေပဲတွေကတော့ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားဘက်ကနေ ထွက်ရှိနေပါတယ်။ ပွဲရုံတွေကို နေ့စဉ် အိတ်ရေ ရာနှင့်ချီပြီးတော့ ဝင်ရောက်နေပါတယ်။ အဝင်ကလည်း မနှစ်ကလောက်တော့ မကောင်းပါဘူး။ ဝယ်လိုအားကတော့ကောင်းတဲ့အတွက် ဈေးနှုန်းကောင်းတွေရရှိနေတာဖြစ်ပါတယ်" ဟု မြေပဲပွဲရုံပိုင်ရှင် ဦးစိန်လှက ပြောသည်။

မြေပဲအား မြေပဲတောင့်၊ မြေပဲလှော်နှင့် မြေပဲဆီ စသည်ဖြင့် ပုံစံအမျိုးမျိုးပြုလုပ်ကာ ဈေးကွက်အတွင်းတွင် ရောင်းချလျက်ရှိပြီး အဓိက မြေပဲဆီကို ထုတ်လုပ်ရောင်းချကြကြောင်း၊ မြေပဲဆန်မှာ လက်ရှိဈေးကွက်အတွင်း ယခင်နှစ်တွင် တစ်ပိဿာ ငွေကျပ် ၁၁၀၀၀-၁၂၀၀၀မှ ယခုနှစ်တွင် ငွေကျပ် ၁၆၀၀၀-၁၈၀၀၀ ဝန်းကျင်အထိ ဈေးနှုန်းရလျက်ရှိသည်။

"မြေပဲကိုတော့ မြေပဲဆီကိုအဓိကထုတ်လုပ်တဲ့အပြင် မြေပဲယို၊ မြေပဲလှော်တို့ကို အများဆုံးထုတ်လုပ်ကြတယ်။ ဒါ့အပြင် မြေပဲကို ဆီကြိတ်ခဲ့ပြီးတော့ ထွက်လာတဲ့ ကြိတ်ဖက်ကို တိရစ္ဆာန်အစားအစာအနေနဲ့ ပြန်လည်ရောင်းချမှုပြုလုပ်ကြပါတယ်။ ဘက်စုံအသုံးပြုနိုင်တဲ့ ပဲအမျိုးအစားဖြစ်ပါတယ်" ဟု မြေပဲစိုက်ပျိုးသူတစ်ဦးက ပြောသည်။

မြေပဲအား ပြည်တွင်းတွင် ပုံစံပေါင်းစုံဖြင့် အသုံးပြုနိုင်သကဲ့သို့ ပြည်ပနိုင်ငံများကလည်း ဝယ်ယူမှုများပြားသဖြင့် တောင်သူများအနေဖြင့် စိုက်ပျိုးသင့်သော သီးနှံအမျိုးအစားတစ်ခုဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)(မန္တလေးနေ့စဉ်-၈)



## မိုးရာသီစိုက် အစေ့ထုတ်ပြောင်း ဈေးကောင်းရရှိနေ

ရွှေဘိုခရိုင်အနေဖြင့် မိုးကောင်းသောဒေသများတွင် ပဲ၊ ပြောင်းသီးနှံများကိုစိုက်ပျိုးကြရာ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံတွင် အစေ့ထုတ်ပြောင်း ၃၈၂၅ ဧက စိုက်ပျိုးရာ ဈေးကောင်းရရှိနေကြောင်း တောင်သူများထံက သိရသည်။ အစေ့ထုတ်ပြောင်းကို ဇွန်လတွင် စတင်စိုက်ပျိုး၍ စက်တင်ဘာလတွင် ရိတ်သိမ်းကြကြောင်း၊ တစ်ဧကအထွက်နှုန်းမှာ ၅၄ တင်းခန့်ထွက်ရှိကြောင်း သက်ဆိုင်ရာဌာန၏စာရင်းများအရ သိရသည်။ အစေ့ထုတ်ပြောင်းမှာ စက်တင်ဘာလ၊ ဒုတိယအပတ်မှစတင်၍ ရွှေဘိုဈေးကွက်သို့ စတင်ဝင်ရောက်ခဲ့ပြီး အောက်တိုဘာလ၊ လကုန်အပတ်တွင် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်းမှာ အစေ့ထုတ်ပြောင်းတစ်တင်းလျှင်ငွေကျပ် ၂၅၀၀၀ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုမှာ ၁၈၀၀၀ တင်း၊ ၄၄၉ တန်ဖြစ်ကြောင်း၊ ယခင်အပတ်နှင့်ယခုအပတ်တို့၏ အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကို နှိုင်းယှဉ်ပါက ယခင်အပတ်၌ အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ငွေကျပ် ၂၄၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုအပတ်တွင် ယခင်အပတ်ထက် အစေ့ထုတ်ပြောင်းတစ်တင်းလျှင်ငွေကျပ် ၁၀၀၀ ပိုမိုရရှိခဲ့သည်။ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းတို့ကိုနှိုင်းယှဉ်ပါက ယခင်နှစ်ကာလတူ၌ အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ငွေကျပ် ၁၇၀၀၀ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကာလတူထက် အစေ့ထုတ်ပြောင်းတစ်တင်းလျှင် ငွေကျပ် ၈၀၀၀ ဈေးပိုမိုရရှိခဲ့ကြောင်း၊ ရွှေဘိုဈေးကွက်သို့ အစေ့ထုတ်ပြောင်းများ အဝင်များသော်လည်း ဝင်ရောက်သမျှ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

(မန္တလေးနေ့စဉ်-၂)

သစ်တော
သစ်ပင်
ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို
နှစ်စဉ်စိုက်
ရှေ့တိုက်ကိုစိုး။

## လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း အမှုဆောင်ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်



**နေပြည်တော် နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး လူငယ်စွန့်ဦး တီထွင်လုပ်ငန်းရှင်များအသင်း (၂၀၂၄-၂၀၂၇) ခုနှစ် သက်တမ်းအမှုဆောင် ဒါရိုက်တာအဖွဲ့သစ် ရွေးချယ်တင်မြှောက်ပွဲကို နိုဝင်ဘာ ၅ ရက် နံနက် ၉နာရီမှ ချမ်းအေးသာစံမြို့နယ် ၇၈လမ်းနှင့် ၃၄ လမ်းထောင့် ရတနာပုံ စူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရွေးချယ်တင်မြှောက်ပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းငွေးက ရွေးကောက်တင်မြှောက်မှုဆိုင်ရာ စည်းမျဉ်းများ ပြောကြားပြီး အသင်းသား၊ အသင်းသူများက (၂၀၂၄-၂၀၂၇)သက်တမ်း အမှုဆောင် ဒါရိုက်တာအဖွဲ့သစ်ကို ရွေးချယ်တင်မြှောက်ပေးခဲ့ကြသည်။

ထို့နောက် ရွေးချယ်တင်မြှောက်ခြင်းခံရသော (၂၀၂၄-၂၀၂၇)အမှုဆောင် ဒါရိုက်တာအဖွဲ့ဝင်များ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

**(ဝ၄၅)**

## မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ



**သရက် နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုဝင်ဘာ ၆ရက် နံနက် ၉နာရီက ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားဓမ္မာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်ရှိ မွေးကင်းစမှ အသက်(၁)နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်(၂)လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ (ပထမအကြိမ်)၊ (၄)လအရွယ် ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ (၆လ)မှာ (တတိယအကြိမ်) ထိုးနှံရပြီး အသက်(၉)လမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမ)အကြိမ်နှင့် အသက်(၁)နှစ်(ခွဲ)မှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ) ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်)ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ဇော်ထက်(သရက်)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် နိုဝင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားစေရန်၊ တိုးပွားလာသော ရန်ပုံငွေဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရေဆင်းကျေးရွာအုပ်စု၊ ရွှေတွင်းကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၅ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ဇေယျာသီရိခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၈ ဒသမ ၅သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေတွင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၄ဦးကို ငွေကျပ် ၈ ဒသမ ၁သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၄ဦးကို ငွေကျပ် ၄၂ ဒသမ ၇သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ဦးကို ငွေကျပ် ၇ ဒသမ ၇သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ဦးကို နဝမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၈ ဒသမ ၅သန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **နော်လူး**



ပတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့လေး

## ငါဆိုသော မာန်

* နေရာတိုင်းမှာ
ငါနှင့်ငါသာ ငါဆရာဟု
စိတ်မှာစွဲမြဲ မာန်ထောင်ကဲလျှင် ။

* နေရာတိုင်းမှာ
ငါသိငါတတ် ငါသာမြတ်ဟု
စွဲမှတ်စိတ်ထဲ မာန်ထောင်ကဲလျှင် ။

* နေရာတိုင်းမှာ
ဥစ္စာခနေ ပြည့်ဝချမ်းသာ
ပိုင်ဆိုင်ငါပဲ မာန်ထောင်ကဲလျှင် ။

* နေရာတိုင်းမှာ
ငါလုပ်သမျှ အဟုတ်မှန်စွာ
ကေန်မလွဲ မာန်ထောင်ကဲလျှင် ။

* နေရာတိုင်းမှာ
ငါပြောသမျှ ခေါင်းငြိမ့်ကြဟု
မဟုတ်တာလွဲ မာန်ထောင်ကဲလျှင် ။

* မာန်ဟူသည်ကား
နာမ်စားတစ်ခု သတိပြု၍
တွေးရှုမှတ်ပါ ချိန်ခါသက်စေ့
ခန္ဓာရွှေ့၍ သေနေ့ရောက်လာ
ခဏတာဝယ် ခန္ဓာပုပ်ရှာ
ဆွေမျိုးညာတို့ ရောက်လာငိုပြ
ရှုံ့ရှာကြလျက်
ဖော်မပါဘဲ တစ်ယောက်တည်း ။ ။

**ဇော်မြင့်မိုရ် (မီးရထား)**



## သတင်းပဒေသာ

### စည်းကမ်းချက်များအား အလေးထားလိုက်နာ ဆောင်ရွက်စေရန် အသိပညာပေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ စည်ပင်သာယာရေးဌာနမှ တည်းခိုခန်းများနှင့် စားသောက်ဆိုင်များ စည်းကမ်းချက်များနှင့် အညီလိုက်နာမှု ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခြင်းကို ခိုလမ်မြို့၊ စည်ပင်သာယာရေးဌာန မြို့နယ်ခွဲတာဝန်ခံ ဦးကျော်မင်းထွန်းနှင့် ဝန်ထမ်းများက တည်းခိုခန်းနှင့် စားသောက်ဆိုင်များ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စားသုံးသူများ ကျန်းမာရေးနှင့်အညီ တည်းခိုစားသောက်နိုင်စေရန်၊ ချမှတ်ထားသောစည်းကမ်းချက်များအား အလေးထားလိုက်နာဆောင်ရွက်စေရန် အသိပညာပေးပြောကြားခဲ့ပြီး လိုအပ်ချက်များအား ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ပဲနို့ရည်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ပေါင်းလောင်းအားကစားခန်းမ၌ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်သို့ နေပြည်တော်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများအား ငွေဇင်ယော်အုတ်စက်ရုံမှ ပဲနို့ရည်စက်နှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေး

ကျိုက်ထိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို ယနေ့ နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲတွင် စတင်ထုတ်ချေးပေးခဲ့သည်။

ချေးငွေထုတ်ချေးရာတွင် ကျိုက်ထိုမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးသန်းထွန်းက ယခုနှစ်တွင် ထုတ်ချေးပေးသည့် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများအား သတ်မှတ်ထားသည့်ကာလတွင် အပြေအကြေ ပြန်လည်ပေးဆပ်ရမည် ဖြစ်ကြောင်းနှင့် ချေးငွေစည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ၂၀၂၃ ခုနှစ်အတွက် ပေးဆပ်ရန် ကျန်ရှိသော တောင်သူများအနေဖြင့် အမြန်ဆုံး ပေးဆပ်ကြရန် မှာကြား၍ အပြေအကြေပေးဆပ်ပြီး တောင်သူများအား ချေးငွေများထုတ်ချေး ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### အသက်(၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် မြို့နယ်ပညာရေးမှူးဖလား အခြေခံပညာကျောင်းပေါင်းစုံ အသက် (၁၆) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ကျောက်တိုင် အားကစားကွင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်ကျော်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မိုးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အားကစားနှင့်ကာယပညာ ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေး၊ အောင်မြေသာစံ မြို့နယ်၊ ၆၂လမ်းရှိ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပုရိမဝါမှ ထတော်မူ ကြကုန်သော ဆရာတော်၊သံဃာ တော်များအား နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ တွင် Dhamma Brothers and Sisters of Mahasumeru Buddhist Society From Myanmar,Malaysia and All other Countries မှ အဖွဲ့ဝင်များက စုပေါင်းကထိန်လျာသင်္ကန်းကပ် လှူပွဲ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်ဆရာ တော် ဒေါက်တာ ဘဒ္ဒန္တကေသရ ထံမှ သီလခံယူဆောက်တည် ကြပြီး ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ် မော်ထွန်းထိန်းနှင့် သင်ကြားစီမံဆရာတော်များအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်ချတရားနာယူကာ လှူဒါန်း မှုအစုစုအတွက် ရေစက်ချ အမျှ ဝေခဲ့ကြောင်း သိရသည်။ **(၀၄၅)**

## (၁၉)ကြိမ်မြောက် ကထိန်အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနား ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေးဘောလုံးသမား ဟောင်းများအသင်း၏ နှစ်စဉ် ကျင်းပလှူဒါန်းမြဲဖြစ်သော အသင်း ၏ (၁၉)ကြိမ်မြောက် ကထိန်တော် အလှူကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃ ၊ ၄၊ ၅ နှင့် ၆ ရက်များတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၁၀)ရပ်ကွက်၊ ပုတောက်ချောင်း၊ ရွှေပုပ္ပါးကျောင်းတိုက်သို့ သွားရောက်လှူဒါန်းကြမည်ဖြစ် ကြောင်း အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်း ထံမှ သိရသည်။

အဆိုပါ မန္တလေးဘောလုံး သမားဟောင်းများ (၁၉)ကြိမ် မြောက် ကထိန်အလှူတော် မဟာ ဘုံကထိန်ညွှပ်မကြီး အလှူအဖြစ် အသင်းဝင် ကိုဖိုးငယ်(ခ)ကတုံးက ငွေကျပ် ခုနစ်သိန်းသုံးသောင်းကို ယာယီရုံးချုပ်အသင်းတည်ရှိရာ မင်းသီဟကဖေးတွင် ယမန်နေ့ နံနက်ပိုင်းက အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်တို့ထံ ကုသိုလ်ပြု ပါဝင်လှူဒါန်းခဲ့ပြီး ကျန်အသင်းဝင် များမှလည်း အလှူငွေများပစ္စည်း များ ထည့်ဝင်လှူဒါန်းကုသိုလ်ပြု လျက်ရှိသည်။

မန္တလေးဘောလုံးသမား ဟောင်းအသင်းဝင်များအနေဖြင့် လည်း အသင်းအမှုဆောင်များ ဖြစ်ကြသော ဦးမြင့်ကိုဦး(၀၉-၂၀၂၄၈၁၁)၊ ဦးမျိုးနိုင်(၀၉-၂၀၁၁ ၉၉၉)နှင့် ဦးဝင်းနိုင်(၀၉-၈၈၁ ၈၈၁၆၁၇)တို့သို့ ဆက်သွယ်၍ ငွေသားဖြစ်စေ၊ ပစ္စည်းဖြစ်စေ ကုသိုလ်ပြုပါဝင်လှူဒါန်းပေးပါရန် နှိုးဆော်ထားကြောင်း ကထိန် အလှူပွဲတော်သို့ လိုက်ပါမည့်ကစား သမားများအနေဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၅ ရက် နောက်ဆုံးထား ၍ ကြိုတင်စာရင်း ပေးသွင်းထား ရမည်ဖြစ်ပြီး ကထိန်ခင်းသည့် ခရီးစဉ်အတွင်း ဘောလုံးကစား နိုင်ရန်လည်း စီမံထားကြောင်း သိရသည်။ **(အောက်ပုံ)**

**တင်မောင်(မန္တလေး)**



## မွေးနေ့အထိမ်းအမှတ်အဖြစ် စတုဒိသာကျွေးမွေးလှူဒါန်း

**မန္တလေး နိုဝင်ဘာ ၇**

မန္တလေး၊ ပြည်ကြီးတံခွန် မြို့နယ်၊ငွေတော်ကျိကုန်း၊ရဲဘော် ကွက်သစ်ရပ်ကွက်အတွင်းရှိ လူမှု ဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု ပြည်လုံးချမ်းသာ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာကျောင်းတိုက် ဦးစီးပဓာန နာယက သဒ္ဓမ္မဇော တိကဓဇ ဘဒ္ဒန္တသုမင်္ဂလ (ဓမ္မာ စရိယ B.A) ဆရာတော်၏ သက် တော်(၆၀)ပြည့် မွေးနေ့အထိမ်း အမှတ်အဖြစ် ယမန်နေ့က ဆရာ တော်၏ဇာတိ ဝမ်းတွင်းမြို့နယ်၊ တောင်ဆည်ရွာ၌လည်းကောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော် ကွက်သစ်ရပ်ကွက်တွင်လည်း ကောင်း ထမင်း၊ ဟင်း အာဟာရ ဒါန စတုဒိသာကျွေးမွေးလှူဒါန်းခဲ့ သည်။

အဆိုပါ ကျောင်းတိုက်ရှိ တိုင်းရင်းသားမိဘမဲ့ကလေးငယ် စုစုပေါင်း ၂၀၀ ကျော်တို့အား အာဟာရဒါနကျွေးမွေးလှူဒါန်း လိုပါကလည်းကောင်း၊ ငွေပဒေ သာပင်စိုက်ထူ လှူဒါန်းလိုပါက လည်းကောင်း၊အခြားဘက်စုံအလှူ ငွေများ လှူဒါန်းလိုပါကလည်း ကောင်း ဦးစီးပဓာန နာယက ဆရာတော် ဖုန်း ၀၉-၂၁၁၀၅၂၈၊ ၀၉-၇၈၅၇၄၈၁၁၄ နှင့် ၀၉-၇၇၂ ၈၃၂၄၅၆ တို့သို့ တိုက်ရိုက်ဆက် သွယ်လှူဒါန်းနိုင်ကြောင်းနှင့် အဆိုပါကျောင်းတိုက်အနေဖြင့် မည်သည့်ဒေသမှ အလှူခံစေလွှတ် ထားခြင်းမရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၁)**

## ဦးပွားဘုရားတွင် ဆွမ်းလောင်းစတီးစားပွဲများပြုလုပ်ရန် တတိယအကြိမ် အလှူငွေများ လှူဒါန်း



**မန္တလေး နိုဝင်ဘာ ၇**

မန္တလေး၊ ချမ်းမြသာစည်မြို့ နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက် ရှိ ရှေးဟောင်း ဦးပွားဆုတောင်း ပြည့်မြတ်စွာဘုရား၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာပဋ္ဌာန်းပွဲ နှင့် ဗုဒ္ဓပူဇနီယပွဲတော်၊ မြို့နယ်လုံး ဆိုင်ရာ ဆွမ်းဆန်စိမ်းလောင်းလှူ ပွဲတွင် လိုအပ်လျက်ရှိသော ဆွမ်း လောင်းစတီးစားပွဲများ ပြုလုပ်ရန် အတွက် တတိယအကြိမ် အလှူ ငွေ လှူဒါန်းပွဲကို ယမန်နေ့ ညနေ ၄ နာရီက ဦးပွားဘုရားအတွင်းရှိ ဓမ္မသာလဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို ဆရာတော်၊ သံဃာတော်များ၊ အလှူ ရှင်မိသားစုနှင့် ပရိသတ်တို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီးနောက် လယ်ဝန်ကျောင်းဆရာတော် ဘဒ္ဒန္တ ပညာသီရိ(မဟာသဒ္ဓမ္မဇောတိက ဓဇ)က အလှူရှင်နှင့် ပရိသတ်တို့ အား ငါးပါးသီလချီးမြှင့်ပေးတော် မူသည်။ ဆက်လက်ပြီး ဆွမ်း လောင်းစတီးစားပွဲများ အလှူရှင် ဦးပွားဘုရားဂေါပကအဖွဲ့နာယက ဘုရားဒါယကာဆရာကြီး ဦးတင် မောင်+ဘုရားဒါယိကာမဆရာမကြီး ဒေါ်ခင်မြမြ(သူရိန်နန်းကိုယ်ပိုင် အထက်တန်းကျောင်း)မိသားစုတို့ က ပထမအကြိမ် ဆွမ်းလောင်း စတီးစားပွဲ ၁၀ ခုံ၊ ဒုတိယအကြိမ် ၁၀ ခုံ၊ တတိယအကြိမ် ၁၅ ခုံ၊ စုစုပေါင်း ၃၅ ခုံအတွက် အလှူ ငွေကျပ် ၁၀၂ သိန်းကို ပေးအပ် လှူဒါန်းရာ ဦးပွားဘုရားဂေါပက အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမင်းမင်းဦး က လက်ခံရယူပြီး ဥက္ကဋ္ဌ ဦးမြင့် ဦးက ကျေးဇူးတင်စကား ပြန် လည်ပြောကြား၍ ဆရာတော်မှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက် သွန်းချအမျှအတန်းပေးဝေခဲ့သည်။

အဆိုပါ လှူဒါန်းပွဲသို့ ဆရာ တော်၊ သံဃာတော်များ၊ ဦးပွား ဘုရားဂေါပကအဖွဲ့ နာယကများ၊ အဖွဲ့ဝင် ဦးအောင်မောင်း၊ ဦးကျော် မင်းဦး၊ ဥက္ကဋ္ဌနှင့်ဇနီး ဒေါ်စန္ဒာမွေး ဦးဆောင်သော ဓမ္မစကြာအဖွဲ့များ၊ အလှူရှင်မိသားစုနှင့် ဖိတ်ကြားထား သော ဧည့်သည်တော်များ တက် ရောက်ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၄၆)**

# တာဝန်ထမ်းကြသည်ဆိုရာဝယ်

**နိုင်ဗလ**

(၅-၁၁-၂၀၂၄)စာမျက်နှာ-၁၇မှအဆက်

မတ္တရာမှ ကိုဝင်းသည် ရွှေနတ်တောင်သို့ တာဝန်ကျပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ မော်လမြိုင်ပတ်ဝန်းကျင်တွင် အနေနည်းသော်လည်း လည်ပတ်သွားလာစရာ ဆွေမျိုး၊ သူငယ်ချင်းများ လှသည်။ ညပိုင်းတွင် ကမ္ဘာ့ဖလားဘောလုံးပွဲ ကြည့်ရဦးမည်ဖြစ်သည်။ မော်လမြိုင်တွင်နေလျှင် VIDEO ရုံများနှင့် အချို့လက်ဖက်ရည်ဆိုင်တို့တွင် တိုးဝှေ့ကြည့်ရမည်ဖြစ်သည်။ ဖားအောက်တွင်မူ ကြီးမားသောဇာတ်ရုံကြီးထဲတွင် ပရိုဂျက်တာ မြင်ကွင်းကျယ်ဖြင့် ရုပ်ရှင်ရုံကြီးတွင် ကြည့်သကဲ့သို့ ကြည့်ရသည်။ တစ်ညလုံးကြည့်ရသဖြင့် ဗိုက်ဆာလျှင် မုန့်ဈေးတန်းလည်းရှိသည်။ ဂြိုဟ်တုစလောင်းနဲ့ ကြည့်ရသဖြင့် သတင်းလည်း ဘောလုံးပွဲမစခင် ကြည့်ရသည်။ အပျော်လောင်းကစားလုပ်ချင်လျှင် ဒိုင်များက စားပွဲများဖြင့် တန်းစီလျက် ထိုင်နေကြသည်။ စည်ကားလှသည်။ ထိုခေတ်ထိုအခါက ထိုကဲ့သို့ ဂြိုဟ်တုစလောင်းတိုက်ရိုက်ဖြင့် ကြည့်နိုင်သည့်နေရာမှာ ရန်ကုန်မြို့ သံရုံးများမှ ဖွင့်လှစ်ထားသော စာကြည့်တိုက်နှင့် သတင်းဌာနနှင့် ယခုဖားအောက်ရွာတွင်သာ တွေ့ဖူးခြင်းဖြစ်သည်။

ညီအစ်ကိုနှစ်ယောက် နံနက်လင်းခါနီးအထိ စကားပြောရင်း၊ ဘောလုံးပွဲကြည့်ရင်း၊ ကစားရင်းဖြင့် အချိန်ကုန်ခဲ့သည်။ နံနက် ၅ နာရီတွင် ဒေါ်လေးကျွေးသော မုန့်ဖက်ထုပ်စားပြီး စက်ဘီးနင်း၍ ပြန်ခဲ့သည်။ ခြံထဲသို့ ရောက်ပြီ၊ ဖခင်ပင် ရေနွေးကြမ်းနှင့် ထမင်းစားနေပြီ။အမေက ထုံးစံအတိုင်း ထမင်းဟင်းချက်နေသည်။ အစ်မက ခြံထဲမှထွက်သော ဆူးပုပ်ရွက်၊ ကင်ပွန်းချဉ်နှင့် ပိန္နဲသီး၊ မျှစ်တို့ကို ဖောက်သည်လာယူမည့် ဈေးသည်အား ပေးရန် အလုပ်ရှုပ်နေသည်။ နွားငယ်ကလေးကို ဆွဲ၍ နို့ညှစ်ရန် စီစဉ်သည်။ နွားမကြီးက ကျွန်တော့်ကို မှတ်မိသည်။သူစိမ်း အထိအကိုင်မခံသော နွားမကြီးဖြစ်၍ နို့လည်း ကိုယ်တိုင်ညှစ်ရသည်။ ခြေထောက်ကြိုးပင် တုပ်စရာမလို။ နို့ညှစ်သည်။ အချိန် ၁၀ ပိဿာခန့်ရပြီ။ ရပ်လိုက်သည်။ နွားကလေးအတွက် ချန်ရဦးမည်။ နွားမကြီးနှင့် နွားကလေးကို ခြံအောက်ပိုင်း မြက်ခင်းတွင် လွှတ်ပေးထားလိုက်သည်။ ကြခတ်ဝါးရုံစပ်မှ ဘုတ်ငှက်ကလေး ထွက်လာသည်ကို တွေ့ရသည်။ ဘုတ်ငှက်များသည် လူကို အနားကပ်မခံဟု ကြားသိရဖူးသည်။ ကျွန်တော့်ခြံထဲမှ ဘုတ်ငှက်က အနား အကပ်ခံသည်။ ကြက်မဒန်းခန့်အရွယ်ရှိ ဘုတ်ငှက်သည် လွန်စွာလှပသည်။ အနက်ရောင် ပြောင်လက်နေသောအမွေးအမှင်နှင့် လိမ္မော်ရောင် မြီးတံရှည်ဖြင့် တင့်တယ်လှသည်။ ဘုတ်ငှက်ရှိလျှင် အနား၌ မြွေတို့မနေဟု ဆိုသည်။ မြွေကို ဘုတ်ငှက်က နိုင်သည်ဟု ကြားဖူးသည်။ ခြံထဲရောက်ကာစက ပတ်ဝန်းကျင်တွင် ရာဘာတောများဖြင့် အုံ့ဆိုင်းတိတ်ဆိတ်နေပြီး လျှပ်စစ်မီးကလည်း မချိတ်ရသေးသဖြင့် မှောင်နေသောခြံထဲတွင် ညနေ နေဝင်ရီတရော၌ ဘုတ်ငှက်၏ ကျယ်လောင်စူးရှစွာ အီသံက စိတ်ကို လှမ်းဆွတ်၊ အားငယ်၊ ခြောက်ခြားစေသည်။ နောက်ပိုင်းတွင် ဘုတ်ငှက်ကလေးများ၏ အသံကိုလည်းကောင်း၊ ငှက်ကလေးများကိုလည်းကောင်း၊ အချိန်တန်လျှင် ကြားရ၊ မြင်ရမှ ကျေနပ်သည်။

ခြံအောက်ဖက်မှ ကိုယ်တိုင်တူးထားသည့် ရေတွင်းပက်လက်ကို ကြည့်သည်။ အပေါ်လွှာ တစ်ထောင်ခန့်သာ မြေသားရှိပြီး သင်ပုန်းနှင့် ဂဝံလွှာများကို ခက်ခဲစွာ ဖောက်ထွင်းထားရသည်။ ဝါးတစ်ရိုက်မက အနက်ရှိသည်။ ကျောက်စက်ရေဖြစ်၍ အေးမြကြည်လင်လှသည်။ မောင်းတက်ကိုဆွဲ၍ ရေငင်သည်။ တံပိုးဖြင့် ရေပုံးနှစ်ပုံး ထမ်း၍ မီးဖိုဆောင်သုံးရန်နှင့် နွားစာခွက်ထဲ ရေထည့်ပေးသည်။ တံဇဉ်ယူ၍ မြက်နုကလေးများ ရိတ်ရန် ခြံရှေ့ဖက် ရာဘာတောထဲထွက်ခဲ့သည်။ မြက်ရိတ်ရင်း မာလကာချဉ်သီးလေးများခူး၍ စားသည်။ ချိုချိုချဉ်ချဉ်ဖြင့် စား၍ကောင်းလှသည်။ ခါးစောင်းခန့် အပင်ပုမာလကာမျိုးဖြစ်သည်။ အသီးကလည်း လောက်စာလုံးခန့်သာရှိသည်။ အရွက်နုလေးများကို ငပိရည်ဖြင့် အတို့အမြုပ် လုပ်စားလျှင်လည်း မွေးလှသည်။ ခြံထဲတွင် အတို့အမြုပ်က ပေါသည်။ ဆူးပုပ်၊ မာလကာချဉ်၊ တညင်းရွက်၊ သရက်ရွက်နု၊ မျှစ်စသည်ဖြင့် ပေါများလှသည်။

ရေခပ်ပြီးသည်နှင့် ဖခင်ရှိရာ ကွပ်ပျစ်သို့ သွား၍ ရေနွေးကြမ်းသောက်ရင်း စကားပြောကြသည်။ ငါးလေးခြောက်ကို ဆီမထည့်ဘဲ အိုးကင်းပူတိုက်၍ လှော်ပေးထားသည်။ ကျွန်တော့်အကြိုက်ပင်ဖြစ်သည်။ ငါးလေးခြောက်လှော်နှင့် ရေနွေးကြမ်းလိုက်ဖက်လှသည်။ ကွမ်းညှပ်ဖြင့် ကွမ်းသီးစိတ်ကလေးများကို စိတ်သည်။ ကွမ်းအစ်ထဲတွင် ကွမ်းရွက်နည်းနေပြီ။ ကွမ်းသီးပင်က အိမ်တွင်ရှိသည်။ ကွမ်းရွက်မှာ အောက်ဖက်ခြံကပ်လျက်မှ ကိုသန်းစိုးတို့ခြံထဲတွင် သွားခူးရမည်။ ကျွန်တော်တို့ မရှိသည့်အချိန်များတွင် ကိုသန်းစိုးတို့ညီအစ်ကိုက မိခင်၊ ဖခင်တို့ကို စောင့်ရှောက်ပေးသည်။ သူတို့ခြံထဲမှ မင်းဂွတ်၊ ကွမ်းရွက်နှင့် အခြားစားပင်များကို အလိုရှိသလောက် နေ့စဉ်ခူးယူသုံးစွဲခွင့်ပေးထားသည်အထိ ခင်မင်ရင်းနှီးကြသည်။ ကိုသန်းစိုးတို့သည် တရုတ်လူမျိုးစစ်စစ်များဖြစ်ကြသည်။ ရိုးရာပွဲများတွင်လည်း ခြံနီးချင်းများကို တလေးတစားဖိတ်ကြားလေ့ရှိသည်။ ခြံထဲမှ ဘကြီး (တရုတ်လူမျိုး)ကလည်း ကြုံတိုင်း ဆုံးမပဲ့ပြင်လေ့ရှိသည်။ ဘကြီးထံမှ ထူးခြားသော ဗဟုသုတ များစွာရရှိခဲ့သည်။ ဘကြီး၏ ခြံထဲသို့ သွားလျှင် စာအုပ်နှင့် ဘောလ်ပင် ယူသွားရလေ့ရှိသည်။ မန္တလေးတွင် ပညာသင်အလုပ်လုပ်ပြီး မော်လမြိုင်သို့ တစ်ခါတစ်ရံမှ ပြန်လာတတ်သော ကျွန်တော့်ကို ဆုံးမလေ့ရှိသည်။ ဗုဒ္ဓစာပေများသာမက၊ တရုတ်ရိုးရာ ရှေးဟောင်းစာပေ အဆိုအမိန့်များပါ နှံ့စပ်ကျွမ်းကျင်သူဖြစ်သည်။ ဝတ္ထုထဲမှ တရုတ်အဘိုးကြီး ဦးဝှမ်တီကိုပင် သတိရမိသည်။ ဘကြီး၏ကျေးဇူးဖြင့် ဇင်ဝါဒ၊ တောက်တယ်ကျင်း၊ ကွန်ဖြူးရှပ်၊ ဆွန်ဇူး၏ တရုတ်ရိုးရာ သေနင်္ဂဗျူဟာကျမ်းများအကြောင်း လေ့လာခွင့်ရခဲ့သည်။ ဘာသာရေးအပြင် ဗဟုသုတရေးပါ ကျွမ်းကျင်လိမ္မာသူ ဖြစ်သည်။

ဖခင်ဖြစ်သူနှင့်စကားပြောကြလျှင် တစ်နေကုန် ဆွေးနွေးကြသည်ကများသည်။ ထိုနေ့က ဘကြီးဆီမှ တရုတ်ရှေးဟောင်းဒဿနများအပြင်၊ ဖခင်နှင့် ဘကြီးဆွေးနွေးသောအထဲမှ ဓမ္မညုတ(အကြောင်းကိုသိခြင်း)၊ အတ္တညုတ(အကျိုးကိုသိခြင်း)၊ မတ္တသုခ(အတိုင်းအရှည်ကိုသိခြင်း)၊ကာလညုတ (အချိန်အခါကာလကိုသိခြင်း)၊ ပရိသညုတ (ပရိသတ်သဘောကိုသိခြင်း)ဟူသည့် ပညာငါးပါးနှင့် ခုဒ္ဒကာပီတိ(အနည်းငယ်ကြက်သီးထရုံနှစ်သက်ခြင်း၊ခဏိကာပီတိ(လျှပ်ပြက်သကဲ့သို့ တစ်ခဏမျှ နှစ်သက်ခြင်း)၊ ဩက္ကန္တိကာပီတိ (လှိုင်းတံပိုးထသကဲ့သို့ဖြစ်သောနှစ်သက်ခြင်း)၊ ဥဗ္ဗေဂါပီတိ(ကောင်းကင်သို့ ခုန်ပျံတက်နိုင်အောင် နှစ်သက်ခြင်း)၊ ဖရဏာပီတိ(တစ်ကိုယ်လုံးပျံ့နှံ့စေသောပီတိ)ဟူသည့် ပါဠိနှင့်နွယ်သောစကားလုံးများ မှတ်စုစာအုပ်တွင် ရေးမှတ်ရရှိခဲ့ပေသည်။

(ဆက်လက်ဖော်ပြပါမည်)

## လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက်များကြောင့် ထိုင်းနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှု မြင့်တက်လာ

လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (FTAs)များသည် ထိုင်းနိုင်ငံကို အရှေ့တောင်အာရှတွင် စိုက်ပျိုးရေးထွက်ကုန် အများဆုံးတင်ပို့သည့် နိုင်ငံဖြစ်လာစေပြီး ကမ္ဘာပေါ်တွင် အဋ္ဌမမြောက် အကြီးဆုံးတင်ပို့သူဖြစ်လာကြောင်း ကုန်သွယ်ညှိနှိုင်းရေးဦးစီးဌာနမှ သိရသည်။

၂၀၂၄ ခုနှစ်၏ ပထမရှစ်လတွင် ထိုင်းနိုင်ငံလယ်ယာထွက်ကုန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၈ ဘီလီယံရှိပြီး တစ်နှစ်ထက်တစ်နှစ် ၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ FTA မိတ်ဖက်နိုင်ငံများသို့ ထိုင်းနိုင်ငံ လယ်ယာထွက်ကုန်တင်ပို့မှု၏ ၆၉ ရာခိုင်နှုန်းဖြစ်သည်။

အဓိကတင်သွင်းသော နိုင်ငံများအနေဖြင့် တရုတ်နိုင်ငံမှ ၃၁ ရာခိုင်နှုန်း၊ အာဆီယံမှ ၁၅ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံမှ ၁၁ ရာခိုင်နှုန်းနှင့် တောင်ကိုရီးယားနိုင်ငံမှ ၃ ရာခိုင်နှုန်း အသီးသီးပါဝင်သည်။ သိသာထင်ရှားစွာ တိုးတက်မှုနှုန်းရှိသော ဈေးကွက်များတွင် အာဆီယံ ၃၉ရာခိုင်နှုန်း၊ အိန္ဒိယ ၃၄ရာခိုင်နှုန်း၊ ဩစတြေးလျ ၂၃ ရာခိုင်နှုန်း၊ စင်္ကာပူ ၁၀ ရာခိုင်နှုန်း၊ တောင်ကိုရီးယား ၉ ရာခိုင်နှုန်းနှင့် ဂျပန် ၇ရာခိုင်နှုန်း တို့ပါဝင်သည်။

၂၀၂၄ခုနှစ် ဩဂုတ်လတွင် FTA မိတ်ဖက်နိုင်ငံများသို့ ထိုင်းနိုင်ငံ၏ လယ်ယာထွက်ကုန်တင်ပို့မှုတန်ဖိုးသည် ယခင်လထက် ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံရှိသည်။

ယခုလအတွက် ထိုင်းနိုင်ငံ၏ ကမ္ဘာ့ဈေးကွက်သို့ တင်ပို့မှုမြင့်မားသော လယ်ယာထွက်ကုန်တို့မှာ ကန်ဒေါ်လာ ၆၀၄ သန်းတန်ဖိုးရှိသော လတ်ဆတ်၍ အေးခဲထားသော သစ်သီးများ (+၂၁ရာခိုင်နှုန်း)၊ ကန်ဒေါ်လာ ၅၆၂ သန်းတန်ဖိုးရှိသော ဆန်များ (+၄၁ ရာခိုင်နှုန်း)၊ ကန်ဒေါ်လာ ၄၉၇သန်းတန်ဖိုးရှိသော သဘာဝရော်ဘာများ (+၉ရာခိုင်နှုန်း)၊ ကန်ဒေါ်လာ ၃၉၂သန်းတန်ဖိုးရှိသောပြုပြင်ထားသော ကြက်သားများ (+၆ရာခိုင်နှုန်း)နှင့် ကန်ဒေါ်လာ ၂၆၀ သန်းတန်ဖိုးရှိသော ပီလောပီနံထွက်ကုန်များ (+၂ရာခိုင်နှုန်း)တို့ဖြစ်သည်။

FTA အထူးအခွင့်အရေးများကို အသုံးချခြင်းဖြင့် ထိုင်းလုပ်ငန်းရှင်များသည် ၎င်းတို့၏ ပို့ကုန်ကို တိုးချဲ့နိုင်သည်ဟု အဆိုပါဌာနက မှတ်ချက်ပြုထားသည်။ ထိုင်းနိုင်ငံသည် ပြီးခဲ့သည့်နှစ်အစတွင် စတင်အသက်ဝင်ခဲ့သော ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပါအဝင် နိုင်ငံပေါင်း ၁၈နိုင်ငံမှ FTA ၁၄ ခု ရှိကြောင်း သိရသည်။

သဘာဝရော်ဘာများ (တရုတ်နှင့် အိန္ဒိယမှလွဲ၍)၊ ပီလောပီနံထွက်ကုန်များ (ဂျပန်၊ တောင်ကိုရီးယားနှင့် အိန္ဒိယမှလွဲ၍)၊ ပြုပြင်ထားသော ကြက်သားများ(ဂျပန်၊တောင်ကိုရီးယား၊ ချီလီ၊ ပီရူးမှလွဲ၍)၊ အေးခဲထားသောသစ်သီးများ(ဂျပန်၊တောင်ကိုရီးယား၊အိန္ဒိယ၊ဗီယက်နမ်၊ကမ္ဘောဒီးယားနှင့် လာအိုမှလွဲ၍) အပါအဝင် ထိုင်းနိုင်ငံမှ ထုတ်ကုန်အများစုအပေါ် သွင်းကုန်ခွန်သက်ညှာမှုပေးအပ်ထားကြောင်း ပြည်ပကုန်သွယ်ရေးသတင်းများကို မြန်မာ့စီးပွားရေးသံရုံး ဘန်ကောက်မြို့မှ သတင်းပေးပို့ချက်အရ သိရသည်။

(အောက်ပုံ) ရွှေမန်း

## အငြိမ်းစားဝန်ထမ်းများအား သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါများ စမ်းသပ်စစ်ဆေးကုသပေးခြင်း ဆောင်ရွက်

**မင်းလှ နိုဝင်ဘာ ၇**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့ စစ်ဆေးကုသပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက မင်းလှမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါကျန်းမာရေးစစ်ဆေးခြင်းနှင့် ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်ဒေါက်တာ အောင်ကျော်သူနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ဆီးချို၊သွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးပေးခြင်းတို့ကို စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့်ဆေးဝါးများအား အခမဲ့ ဆောင်ရွက်ပေးရာ နိုဝင်ဘာ ၆ရက်တွင် ကျန်းမာရေး လာရောက်စစ်ဆေးသူ ၃၀ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။



အာကာ(ပြန်/ဆက်)

*-*-*-*-*

*-*-*-*-*-*-*



# ကျိုင်းလီကျေးရွာ၌ VDP စီမံကိန်းဖြင့် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

**ကွန်ဟိန်း နိုဝင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများမှ ဟိုပန်ကျေးရွာအုပ်စု၊ ကျိုင်းလီကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခွန်မြင့်သောင်း၊ ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်ဇင်မာဆန်းနှင့်အင်ဂျင်နီယာဝန်ထမ်းများသည် ကျိုင်းလီကျေးရွာတွင် ဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ဘက်စုံသုံးခန်းမဆောင်သည် အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိပြီး ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅၀ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၁၆၀ ကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ ကွင်းဆင်းကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဩဂုတ်လစတုတ္ထပတ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ချိုသန်းညွန့်(ကျေးလက်)**



# ကွမ်းရွက်ဈေးပြန်လည်မြင့်တက်လာ၍ စိုက်ပျိုးသူများ အဆင်ပြေ

**ကျွန်းလှ နိုဝင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့တွင် ယခုနှစ် ဆောင်းဝင်ကာစ ကွမ်းရွက်ဈေး ပြန်လည်မြင့်တက်လာ၍ စိုက်ပျိုးသူများအဆင်ပြေကြောင်း ဒေသခံ ကွမ်းစိုက်ပျိုးသူများထံက သိရသည်။

"ကျွန်တော် မြေအောက်ရေတင်ပြီး ကွမ်းပင် ၂၀၀ စိုက်ပျိုးထားပါတယ်။ မျိုးဖိုး၊ ခြံဆောက်မြေပြင်ခနဲ့ လုပ်အားခအပါအဝင် ငွေကျပ် ၁၀သိန်းကျော် ကုန်ကျပါတယ်။ စိုက်ပျိုးပြီးသုံးလခွဲလောက်မှာ ကွမ်းရွက်ခူးရပါတယ်။ ဒီနှစ်မိုးရာသီမှာ ကွမ်းထွက်ကောင်းသော်လည်း ခူးခမြင့်တက်ပြီး ကွမ်းရွက် တစ်ပိဿာ ငွေကျပ် ၅၀၀၀၊ ၆၀၀၀ ဈေးပဲ ရှိတယ်။ အခု ဆောင်းဝင်ကာစ ကွမ်းရွက်ဈေးပြန်လည်မြင့်တက်လာ၍ တစ်ပိဿာ ငွေကျပ် ၁၅၀၀၀ ဈေးရောင်းရတဲ့အတွက် အဆင်ပြေပါတယ်"ဟု ကွမ်းစိုက်ပျိုးသူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် နှစ်ရှည်ပင်မျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ကွမ်းပင် ဧက ၅၀ ကျော် စိုက်ပျိုးကြောင်း၊ ထွက်ရှိလာသည့် ကွမ်းရွက်များကို ကျွန်းလှမြို့နှင့် ကန့်ဘလူမြို့ရှိ ကွမ်းဒိုင်များသို့ ရောင်းချကြကြောင်း သိရသည်။ **(အပေါ်ပုံ)(၄၈၀)**

# ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ပျဉ်းမနား နိုဝင်ဘာ ၇**

ပျဉ်းမနားမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာဖတ်သူများလက်ဝယ်အရောက် စာအုပ်များ လိုက်လံငှားရမ်းပေးမှုကို ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ်၊ သဲကျွန်းကျေးရွာနှင့် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ငှားရမ်းပေးကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၂၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ် လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခု ငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တပတ်တစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည် ဖြစ်သည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ကျေးရွာများအရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့ လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# မိုးကောင်းသောက်စပါးများကောင်းမွန်ပြီး အထွက်နှုန်းကောင်းရန် သေချာသလောက်ဖြစ်နေ

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ရာသီဥတုကောင်းမွန်ခြင်းနှင့်အတူ မိုးကောင်းသောက်စပါး(မိုးစပါး)များ ကောင်းမွန်နေကာ ရိတ်သိမ်းချိန် အထွက်နှုန်းကောင်းရန် သေချာသလောက်ရှိနေပြီဖြစ်ကြောင်း ကျောက်ပန်းတောင်းမြို့နယ်၊ လဲဥကျေးရွာ မိုးကောင်းသောက်စပါးစိုက်ပျိုးတောင်သူ ဦးမောင်ပိုက်ထံက သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးစိုက်ပျိုးခြင်းအား ဝါခေါင်လတွင် စတင်စိုက်ပျိုးကြပြီး စပါးပျိုးထောင်ခြင်းကို နယုန်လနှင့်ဝါဆိုလတို့တွင် စတင်ပျိုးထောင်ကြကြောင်း၊ ပျိုးထောင်ပြီး နှစ်ဆယ့်တစ်ရက်ပျိုးသက်သားမှ လေးဆယ့်ငါးရက်သား ပျိုးပင်များကို ရွှေ့ပြောင်းပြီး စိုက်ပျိုးကြသည်။


မိုးကောင်းသောက်စပါးအခေါ်အဝေါ်အား ကျောက်ပန်းတောင်းမြို့နယ်တွင် ရွာသွန်းမိုးရေ တိုက်ရိုက်ကျရောက်ခြင်းနှင့်မိုးရွာသွန်းမှုမှ စပါးစိုက်ခင်းများအတွင်း ရေမြောင်းသွယ်ယူရေဝင်စေခြင်းအား မိုးကောင်းသောက်စပါးစိုက်ပျိုးခြင်းဟု ခေါ်ဆိုကြောင်း စပါးစိုက်ပျိုးတောင်သူ ဦးလှငွေက ရှင်းပြသည်။မိုးကောင်းစပါးစိုက်ပျိုးတောင်သူများ မိုးစပါးစိုက်ပျိုးပြီးလျှင် စပါးအထွက်နှုန်း ကောင်းမွန်ခြင်းကြောင့် မိုးစပါးစိုက်ပျိုးမှုများပြားကြရာ မနောသုခ၊ ရာငါး၊ စီသွယ်ရင်၊ ဧရာမင်းစပါးမျိုးပျိုးထောင်စိုက်ပျိုးကြကာ တစ်တင်းခွဲ စပါးပျိုးအိတ်တစ်အိတ် ငွေကျပ်သုံးသောင်းခွဲမှ ငါးသောင်းအထိ ပေးဝယ်ရကြောင်း၊ ပုလဲသွယ်မျိုးစပါးများလည်း ယခုနှစ်တွင် ဝယ်ယူ စမ်းသပ်စိုက်ပျိုးနေပြီဖြစ်ရာ တစ်ပြည်ကို ငွေကျပ်ရှစ်ထောင်ပေးဝယ်ရကြောင်း ပုလဲသွယ်စပါးမျိုး စိုက်ပျိုးသူ လဲဥကျေးရွာ ဦးမောင်ပိုက်က ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါး စိုက်ပျိုးမှု ကန်ပတ်လည်အုပ်စုမှာပင် ဧကများစွာ စိုက်ပျိုးကြကြောင်း၊ မိုးကောင်းသောက်စပါးစိုက်ပျိုးချိန် ကောက်စိုက်သမတစ်ဦးကို ငါးထောင်ကျပ်၊ လယ်လုပ်သားတစ်ဦးကို တစ်သောင်းကျပ်၊ ထွန်စက်ထွန်ခ တစ်နာရီ လေးသောင်းတစ်ထောင်ကျပ်၊ နွားရှဉ်းထွန်ခ တစ်မနက် တစ်သောင်းကျပ်ပေးထွန်ရပြီး၊ စပါးခင်းများထဲသို့ သဘာဝမြေဆီ မြေနှစ်၊ နွားချေး၊ ကြက်ချေး၊ ဆိတ်ချေးများ ကြဲပက်ထည့်ကြကြောင်း တော်သလင်းလ၊ သီတင်းကျွတ်လတို့တွင် စပါးများ ရိတ်သိမ်းလေ့ရှိပြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးကောင်းသောက်စပါးအထွက်နှုန်းလည်း ကောင်းကြပြီး တစ်ဧကတင်း ၉၀မှ ၁၂၀ အထိ ထွက်ရှိကြကြောင်း၊ မိုးလေဝသမှန်ကန်သည့်နှစ်များတွင် မိုးစပါးများ စောစောစိုက်ပျိုးလေ့ရှိပြီး၊ မိုးရွာသွန်းမှုနောက်ကျလျှင် မြေအောက်ရေသွင်းစိုက်ပျိုးကြသည်။ မိုးကောင်းသောက်စပါးများအပင်ဖြစ်ထွန်းမှုကောင်းနေခြင်းနှင့်အတူ မှိုကပ်ချိန်(သန္ဓေသား) စတင်ဖူးလာပြီဖြစ်ကြောင်း၊ စပါးရိတ်သိမ်းချိန်အထွက်နှုန်း ကောင်းနိုင်ကြောင်း မိုးကောင်းသောက်စပါးစိုက်ပျိုးတောင်သူများထံက သိရသည်။ **(အောက်ပုံ)(၄၈၁)**



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## 20th Century Girl မှာ အမျိုးသမီးဒါရိုက်တာ၏ ငယ်ဘဝဖြစ်ရပ်မှန်ကို ရိုက်ကူးထား




နက်ဖလစ်ဇာတ်ကား 20th Century Girl မှာ အမျိုးသမီး ဒါရိုက်တာ ဘန်ဝူရီ၏ငယ်ဘဝ ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးသည်ဟု ကိုးရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားကို ၁၉၉၈-၁၉၉၉ ခုနှစ် ဝန်းကျင်ကာလ အထက်တန်းကျောင်းသူဘဝ သူ၏သူငယ်ချင်းများနှင့် ဖြတ်သန်းခဲ့ပုံကို ရိုက်ကူးထားသည်။

ဒါရိုက်တာကြီးက ထိုဇာတ်ကားမှာ သူ၏ငယ်ဘဝအကြောင်းဖြစ်ပြီး သူငယ်ချင်းကြိုက်ခဲ့သည့် ကောင်လေးအကြောင်း ဒိုင်ယာရီတွင်ရေးသားခဲ့သည့် ဇာတ်ရပ်ကို ပုံဖော်ထားရာ ထိုဇာတ်ရပ်အတွက် ကင်ယူဂျောင်းကို ပုံဖော်ရေးသားခဲ့ခြင်း ဖြစ်သည်ဟု ဝန်ခံထားသည်။

အင်တာဗျူးတစ်ခုတွင် ဇာတ်သိမ်းပိုင်းနှင့် ပတ်သက်၍ အဓိကဇာတ်ကောင်နှစ်ဦး ပေါင်းစပ်မပေးခြင်းအတွက် ပရိသတ်မေးခွန်းထုတ်ခဲ့ကြရာ အချစ်ဦးဆိုသည်မှာ လှပခဲ့သော်လည်း ဘဝသက်ဆုံးတိုင် ပေါင်းဖက်မှုများ နည်းပါးခဲ့ကြ၍ ခွဲခွာရခြင်းကိုသာ ပိုကြုံတွေ့ကြရပြီး ပြန်လည်တွေးတော လွမ်းမောစရာအတိတ်အဖြစ် ထင်ကျန်ခဲ့တတ်၍ ဆယ်ကျော်သက်အရွယ် မိန်းကလေး၏ လှပသည့်အချစ်ဇာတ်လမ်းဖြစ်ခဲ့သည်ဟု ဒါရိုက်တာ ဘန်ဝူရီက ဖြေကြားသွားသည်။(SKY)



## ဓာတ်ခွဲခန်းထုတ် ဝက်သားအမျိုးအစားသစ်တစ်မျိုး စင်ကာပူပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် ပေါ်ထွက်လာ

ယနေ့ခေတ်တွင် တိရစ္ဆာန်များအသက်သေစရာမလိုဘဲ စားသုံးသူများအတွက် အသားထုတ်လုပ်နိုင်ရန် သိပ္ပံပညာရှင်များက အပင်အခြေပြုဓာတ်ပစ္စည်းများဖြင့် အသားတုအမျိုးမျိုးကို အောင်မြင်စွာထုတ်လုပ်နေကြပြီ ဖြစ်သည်။

အမေရိကန်အပါအဝင် ကမ္ဘာ့နိုင်ငံအချို့တွင် ထိုအသားငါးအတုများကို သက်ဆိုင်ရာ အစားအစာလုံခြုံရေးကြီးကြပ်သည့် အဖွဲ့အစည်းများက အများပြည်သူစားသုံးရန် ဖြန့်ဖြူးခွင့်ပေးထားပြီး ဖြစ်သည်။

စင်ကာပူနိုင်ငံမှ ကျင်းဟောင်ဦးဆောင်သော သုတေသီတစ်စုသည် ပရိုတိန်းများများပါသည့် ဓာတ်ခွဲခန်းထုတ် ဝက်သားအမျိုးအစားသစ်တစ်မျိုးကို မကြာသေးမီက ထုတ်လုပ်နိုင်ခဲ့ကြသည်။

အဆိုပါ စင်ကာပူပညာရှင်များ၏ ကြိုးပမ်းမှုကြောင့် ပေါ်ထွက်လာသော ဝက်သားတုကိုရရှိရန် ဓာတ်ခွဲခန်းအတွင်း ၁၂ ရက်ကြာ ဖန်တီးခဲ့ရကြောင်း သိရသည်။ (SCI)

## Goo Hye Sun က ရင်တွင်းခံစားချက်များ ဖွင့်ဟထား



နာမည်ကျော် Boys Over Flowers(F4)နှင့် အောင်မြင်မှုရရှိထားသော မင်းသမီးဂူဟေဆွန်က သူ၏ရင်တွင်းခံစားချက်များကို အင်တာဗျူးတစ်ခုတွင် ရင်ဖွင့်ပြောကြားထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သရုပ်ဆောင်၊ ဒါရိုက်တာ ဂူဟေဆွန်က ခင်ပွန်းဖြစ်သူနှင့် ၂၀၁၉ ခုနှစ်တွင် ကွာရှင်းခဲ့ပြီးနောက် အနုပညာလောကတွင် အောင်မြင်မှုများ ပိုမိုရရှိခဲ့ကြောင်း၊ ချစ်သူသစ်ရရှိခဲ့လျှင်လည်း ယုံကြည်ချက်ရှိရှိနှင့် ချပြမည်ဖြစ်ကြောင်း၊ ခင်ပွန်းဟောင်းက ဖုံးဖိထားချင်ပြီး အောင်မြင်လိုစိတ်ရှိ၍ လူသိမခံချင်ကြောင်း၊ တွဲ၍ပြတ်သွားသော ချစ်သူဟောင်းများမှာ အောင်မြင်မှုရနေကြပြီးသူတို့ထံမှ ပညာလည်းရလိုက်သည်ဟု ယခင်ချစ်သူများနှင့် ခင်ပွန်းဟောင်းအကြောင်း ပြောကြားသွားသည်။

ချစ်သူသစ်ရလျှင် ဂူဟေဆွန်ကချပြမည်ဟုဆို၍ ပရိသတ်များ စိတ်ဝင်စားနေကြသည်။ (SKY)




## Seo Yeji က ဝေဖန်မှုများကြားမှ ခြေလှမ်းသစ်နှင့် ပေါ်ထွက်လာ

တောင်ကိုရီးယားအနုပညာလောကသည် တင်းကျပ်သည့် စည်းမျဉ်းများနှင့် အထိအခိုက်မခံသော ပရိသတ်များကြောင့် အနုပညာရှင်အချို့ ရုပ်တန့်ခဲ့ကြရာ ဆိုရီဂျီလည်း ပါဝင်ခဲ့ပြီး ဝေဖန်မှုများကြားမှ ခြေလှမ်းသစ်နှင့် ပြန်လည်ပေါ်ထွက်လာခဲ့သည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဆိုရီဂျီသည် It's Okay to Not be Okay နှင့် အောင်မြင်မှုရရှိခဲ့ပြီး ကြော်ငြာများစွာ ကမ်းလှမ်းခံရချိန် ပြဿနာဖြစ်ခဲ့၍ ရုပ်ရှင်ပရိုမိုးရှင်း မလုပ်ရမီ အနုပညာအလုပ်နှင့် ကြော်ငြာများ ရပ်နားခဲ့ရသည်။

လက်ရှိ ဆိုရီဂျီသည် အနုပညာလုပ်ငန်းများ ပြန်၍အစပျိုးလာကာ ခြေလှမ်းသစ်အစနှင့် မြင်တွေ့ကြရ၍ မီဒီယာများနှင့် ပရိသတ်များက လက်ခံမှု ရှိ၊ မရှိကို သူ၏နောက်လှမ်းမည့်ခြေလှမ်းအပေါ်မူတည်နေ၍ ဆိုရီဂျီ၏ကံနှင့် ကြိုးစားမှုကို စောင့်ကြည့်ကြရမည် ဖြစ်သည်။ (SKY)

## T-Ara က Jiyeon အိမ်ထောင်ရေးလောင်းရိပ်အောက်မှ ရုန်းထွက်ခဲ့

တီအာရ်ရာအဖွဲ့ဝင် ဂျီယွန်သည် အိမ်ထောင်ရေးလောင်းရိပ်အောက်တွင် သူ၏ဂီတကို ဖုံးကွယ်ထားခဲ့ရာမှ ရုန်းထွက်ခဲ့ခြင်းအကြောင်းကို အင်တာဗျူးတစ်ခုတွင် ရင်ဖွင့်ပြောကြားသွားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျီယွန်သည် လက်ထက်ပြီးနောက် ခင်ပွန်း ဟွမ်ဂျေဂန်နှင့် အိမ်ထောင်ရေးတစ်နှစ်အကြာတွင် စိတ်ပျက်ဝမ်းနည်းမှုများ စတင်ခံစားလာရကြောင်း၊ လက်ထပ်ခြင်းသည် သူ၏အနုပညာလုပ်ငန်းများ အဆုံးသတ်ဖြစ်ခဲ့ကြောင်း လုပ်နိုင်ခဲ့သမျှအရာအားလုံး အိမ်ထောင်ရေးက ဖုံးကွယ်ထား၍ လောင်းရိပ်အောက်တွင် အသက်ရှင်ခဲ့ရကြောင်း ပြောကြားထားသည်။ ဂျီယွန်က ခင်ပွန်းဖောက်ပြန်၍ အချိန်မနှောင်းမီ လောင်းရိပ်အောက်မှ ရုန်းထွက်ကွာရှင်းခြင်း ပြုလုပ်ခဲ့သည်။ (SKY)



## Lee Yi Kyung က Marry You တွင် ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်

ပရိသတ်အားပေးမှု ရရှိထားသည့် လီရီကွမ်(ခေါ်)ဂင်ချားနားသည် Marry You ဇာတ်လမ်းတွဲတွင် ခေါင်းဆောင်အဖြစ်ပါဝင်ထားသည်ဟု ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီရီကွမ်ကို ပရိသတ်က ဝိုင်ခီခီမှ ကြိုဆိုပါသည် ဇာတ်လမ်းတွဲနှင့် အားပေးထားကြပြီး ဟာသဇာတ်ရုပ်ပီပြင်၍ ဂင်ချားနားဟု ချစ်စနိုးခေါ်ခဲ့ကြသည်။

လီရီကွမ်၏ ဟာသသရုပ်ဆောင်ချက်များမှာ ပရိသတ်အမောပြေစေခဲ့၍ မိသားစုဒရမ်မာဟာသဇာတ်လမ်းတွဲ Marry You တွင် အဓိကနေရာမှ ပါဝင်ထားပြီး အိုင်ကွန်မှ ဂျန်ဟိုနှင့်တွဲ၍ မြင်တွေ့ရမည် ဖြစ်သည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင်ပြသရန် စီစဉ်ထားသဖြင့် ပရိသတ်များ လီရီကွမ်၏ဟာသဇာတ်ရုပ်ကို စောင့်မျှော်နေကြသည်။ (SKY)



## Mike Panitan က ထိုင်းနိုင်ငံအမေများနေ့တွင် သားကောင်းဆု လက်ခံရရှိ

ထိုင်းအနုပညာရှင် မိုက်ပါနီတန်သည် ထိုင်းနိုင်ငံ၏ အမေများနေ့တွင် ထိုင်းတော်ဝင်မင်းသမီးက ပေးအပ်သည့် သားကောင်းဆုကို လက်ခံရရှိခဲ့သည်ဟု ထိုင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ ထိုင်းနိုင်ငံ၏ အမေများနေ့သည် ထိုင်းတော်ဝင်မင်းသမီး၏ မွေးနေ့လည်းဖြစ်၍ အနုပညာရပ်ဝန်းမှ အနုပညာရှင် ၁၇ ဦးကို ရွေးချယ်၍ ဆုချီးမြှင့်ခဲ့ရာ မိုက်ပါနီတန်လည်း ပါဝင်ခဲ့သည်။ အဆိုပါဆုကို နိုင်ငံ့လူမှုဝန်ထမ်းကောင်စီကကြီးမှူးသည့် ကော်မတီမှ ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး မိခင်ကို အမြဲဂရုတစိုက်ပြုစုပေးသော သား၊ မိခင်၏အလုပ်ကို ကူညီဆောင်ရွက်၍ သွန်သင်ချက်နှင့်အညီ ပြုမူနေထိုင်သော သား၊ အကျင့်စာရိတ္တ ထိန်းသိမ်းခြင်းနှင့် မိသားစုကို ဂုဏ်တက်စေသည့် စသည့်အချက်များ ပါဝင်ခဲ့သည်။ (SKY)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၇

အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion Summit)ကို ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကူမင်းမြို့ ဟိုင်ဂန်ကွန်ဗင်းရှင်းစင်တာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပါဝင်တက်ရောက်သည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ထိပ်သီးအစည်းအဝေးတွင် တက်ရောက် အမှာစကားပြောကြားစဉ်။

**တက်ရောက်**

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang၊ ကမ္ဘောဒီးယားဘုရင့်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Hun Manet၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Sonexay Siphandone၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် H.E. Ms. Paetongtarn Shinawatra၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Pham Minh Chich၊ အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Masatsugu Asakawa နှင့် မဟာမဲခေါင်ဒေသခွဲ နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဋ္ဌမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို အပိုင်းနှစ်ပိုင်းဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး "နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေး"နှင့် "မျက်နှာစုံညီ အစည်းအဝေး" ဟူ၍ အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပပြုလုပ်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အစည်းအဝေးများသို့ တက်ရောက်ရန် ရောက်ရှိလာရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးချုပ်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။




တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က အဖွင့်အမှာစကားပြောကြားစဉ်။

ထို့နောက် ပထမအပိုင်းဖြစ်သည့် နိုင်ငံ့ခေါင်းဆောင်များ သီးသန့်အစည်းအဝေးကို ကျင်းပပြုလုပ်ရာ သဘာပတိဖြစ်သူ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့်နိုင်ငံ့ခေါင်းဆောင်များက **"ဆန်းသစ်တီထွင်မှုဖော်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်ရေး"** ခေါင်းစဉ်ဖြင့် ဒေသတွင်းပေါင်းစည်း ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပြင်ဆင်ထားရမည့် ကိစ္စရပ်များအပေါ် အကြံပြုဆွေးနွေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ယနေ့ နိုင်ငံ့ခေါင်းဆောင်များ သီးသန့် အစည်းအဝေးတွင် ဆန်းသစ်တီထွင်မှုဖြင့် အောင်မြင်သည့်ဒေသခွဲတစ်ခု ပေါ်ပေါက်လာစေရန် ဦးတည်ဆွေးနွေးလိုကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာနှင့် သုတေသနတီထွင်မှုများသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုအတွက် များစွာအထောက်အကူပြုသည်ကို အားလုံးသိပြီးဖြစ်ကြောင်း၊ လျင်မြန်စွာပြောင်းလဲနေသည့် ကမ္ဘာ့စီးပွားရေးတွင် ဆန်းသစ်တီထွင်မှုကို အားပေးသည့် နိုင်ငံများ၊ ဒေသများအနေဖြင့် စီးပွားရေးတိုးတက်မှုကို မြှင့်တင်နိုင်ပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ခြင်း၊ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်လာနိုင်ခြင်း စသည့်လူမှုဘဝအရည်အသွေးများကို မြှင့်တင်ပေးနိုင်သည်ကို တွေ့ရကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသတွင်း စီးပွားရေးလုပ်ငန်းရှင်များ ကပါဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မှုနှင့်ပတ်သက်၍ ပြောကြားရာ၌ "တစ်ချိန်တည်းမှာပဲ တီထွင်ဆန်းသစ်မှုများဟာ မိမိနိုင်ငံရဲ့ ရေမြေသဘာဝ၊ ပထဝီအနေအထားတွေနဲ့ ကိုက်ညီဖို့လိုတဲ့အပြင် အစိုးရ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ပုဂ္ဂလိကနဲ့ ဒေသန္တရအစိုးရများအပြင် အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ စွန့်ဦးတီထွင်သူတွေနဲ့ စီးပွားရေးလုပ်ငန်းရှင်များကပါ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အခြား တစ်ဖက်တွင်လည်း အရင်းအမြစ်များ ရရှိနိုင်မှုသည် အလွန်ပင် အရေးကြီးကြောင်း၊ ဆန်းသစ်တီထွင်မှုအတွက် သုတေသနနှင့် ဖွံ့ဖြိုးမှု(R&D)သည် မရှိမဖြစ်လိုအပ်သည့် အရင်းအမြစ်ဖြစ်သကဲ့သို့ ဆန်းသစ်တီထွင်မှုရန်ပုံငွေအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှု၊ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ပံ့ပိုးမှု စသည့် နယ်ပယ်ပေါင်းစုံက အရင်းအမြစ်များနှင့် ပေါင်းစည်းပြီး ဆောင်ရွက်မှသာ ပြည့်စုံမည် ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံအတွက် ဆန်းသစ်တီထွင်မှုကို ဖော်ဆောင်ရာတွင် အုပ်ချုပ်မှုယန္တရားအဖြစ် လုပ်ငန်းအဖွဲ့၊ ဖိုရမ် စသည်ဖြင့် ဆောင်ရွက်မည့် အစီအမံများ စနစ်တကျရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသားသိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုကောင်စီကို ဖွဲ့စည်းထားပြီး ဆန်းသစ်တီထွင်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံများနှင့် ဖွဲ့စည်းထားသည့် ဂျီအမ်အက်စ်အနေဖြင့် စိုက်ပျိုးစီးပွား ပိုမိုတိုးတက်ထွန်းကားလာရန်နှင့် စားနပ်ရိက္ခာဖူလုံရန်အတွက် ဆန်းသစ်တီထွင်မှုနှင့် အရှိန်မြှင့်တင်ရမည်ပင်ဖြစ်ကြောင်း၊ ဂျီအမ်အက်စ် အစီအစဉ်၏ ကဏ္ဍအားလုံးကို ဆန်းသစ်တီထွင်မှုမဟာဗျူဟာနှင့် ချိတ်ဆက်ဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မဟာဗျူဟာအရ အထူးသဖြင့် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့ကို ဦးစားပေးဆောင်ရွက်သွားမည်ဆိုသည့် လုပ်ငန်းစဉ်ကလည်းဒေသတွင်း လိုအပ်ချက်အရ များစွာသင့်တော်ကြောင်း။

ယင်းဦးစားပေး ကဏ္ဍများအပြင် ကျန်ရှိနေသည့် စွမ်းအင်၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ဆောင်ရေးကဏ္ဍတို့တွင် ဆက်လက်ဆောင်ရွက်သွားရန် ပြင်ဆင် ထားကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ကျန်းမာရေးကဏ္ဍတွင် နည်းပညာအသစ်များဖြင့် ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှု၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ်ချိတ်ဆက်မှု၊ ဆေးပညာဆိုင်ရာ တက္ကသိုလ်အဆင့်ချိတ်ဆက်မှုများမှတစ်ဆင့် ကုသမှုနည်းပညာများ ပေါင်းစည်းဆောင်ရွက်ခြင်း၊ အဆင့်မြင့်ကုသနည်း ဖော်ထုတ်ခြင်းများကို ဆောင်ရွက်ကြရန်နှင့် နည်းပညာလွှဲပြောင်းမှုစင်တာ များနှင့် အသိပညာဖြန့်ဝေရေးစင်တာများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၅ သို့

## ရှမ်းယူနိုက်တက်အသင်းက ဒဂုံပို့အသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ

ရန်ကုန် နိုဝင်ဘာ ၇

၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီ ၃၀ မိနစ်က တောင်ကြီးကွင်းတွင် ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပို့အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းယူနိုက်တက်အသင်းက ဒဂုံပို့အသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန်(၄၅+၂)မိနစ်တွင် သက်ဝေမိုး၊ ပွဲချိန် ၇၇ မိနစ်တွင် မြတ်ကောင်းခန့်၊ ပွဲချိန် ၈၅ မိနစ်တွင် ရဲရင့်အောင်တို့က အသီးသီး သွင်းယူပေးခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၄ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ၁၃ ပွဲ ကစားအပြီးတွင် ရမှတ် ၃၇ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့်(၁)နေရာတွင် ရပ်တည်ပြီး ချန်ပီယံဆုရရှိရန် ရေပန်းစားလျက်ရှိနေသည်။ **(NBG)**

